# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ တန်ခူးလကွယ်နေ့ | ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၀၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov အား လက်ခံတွေ့ဆုံစဉ်။




# တရားမဝင် ကုန်သွယ်မှုများ လုံခြုံစိတ်ချစွာ သတင်းပေးတိုင်ကြား

တရားမဝင်ကုန်သွယ်မှုများက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေသည့်အပြင် အရည်အသွေးအာမခံချက်မရှိသော အစားအသောက်၊ ဆေးဝါးနှင့် ကုန်စည်အတုများ စသည်တို့ကြောင့် စားသုံးသူပြည်သူများကိုလည်း နစ်နာဆုံးရှုံးစေသည်။ ထို့ပြင် ကန့်သတ်ထားသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ဓာတုကုန်ကြမ်းများ၊ မူးယစ်ဆေးဝါးများ စသည်တို့ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် ပြည်တွင်းသို့ ဝင်ရောက်လာပါကလည်း နိုင်ငံနှင့် ပြည်သူများအတွက် ကြီးမားသည့် အန္တရာယ်များဖြစ်ပေါ်စေနိုင်မည်ဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် တိုက်ဖျက်ရာတွင် အခက်အခဲများရှိသည့်အနက် ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စသည့် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်လျက်ရှိသော နယ်နိမိတ်မျဉ်းများကို ဖြတ်ကျော်၍ တရားမဝင် ကုန်သွယ်မှုများကို စောင့်ကြည့်ရန် ခက်ခဲမှု၊ လက်နက်ကိုင်ပဋိပက္ခများနှင့် မတည်မငြိမ်မှုများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အားနည်းစေကြောင်း ဝေဖန်သုံးသပ်မှုများကို တွေ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အလေးထားဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ဇန်နဝါရီလမှ မတ်လအထိ သုံးလတာကာလအတွင်း ဖမ်းဆီးရမိမှုသည် ယမန်နှစ်တစ်နှစ်လုံး ဖမ်းဆီးရမိမှုထက်ပင် ၅၀ ရာခိုင်နှုန်းခန့် ပိုမိုခဲ့သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများသည် များစွာအရေးပါသော်လည်း အရေအတွက်အားဖြင့် နည်းပါးလျက်ရှိနေပြီး ယခုထက်ပိုမို၍ ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ဖမ်းဆီးရမိသည့် အမှုတွဲပေါင်း ၈၄၆ မှုအနက် ပြည်သူသတင်းပေးတိုင်ကြားမှုမှာ ဇန်နဝါရီလမှ ဧပြီလအထိ ၂၉ မှုသာ ရှိခဲ့သည့်အတွက် အသိပညာပေးစည်းရုံးမှုများ ပိုမိုဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍လည်းကောင်း၊ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှု သတင်းများနှင့်ပတ်သက်၍လည်းကောင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ရေးအတွက် တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက အသိပေးကြေညာထားရာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာသည်နှင့်အမျှ တရားမဝင် ကုန်သွယ်မှုများ ပိုမိုဖမ်းဆီးရမိလာမည်ဖြစ်ပြီး အကျင့်ပျက်မှုများအပေါ် စောင့်ကြည့်ခြင်းနှင့်စပ်လျဉ်း၍လည်း အားနည်းချက်များ လျော့နည်းသွားမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ အစားအသောက် လုံခြုံရေးနှင့် ကျန်းမာရေး၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရှင်သန်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိရေး၊ နိုင်ငံအတွက် အခွန်ဘဏ္ဍာတိုးရေး စသည်ဖြင့် အမျိုးသားအကျိုးစီးပွားနှင့် ဆက်စပ်ကာ လွန်စွာအရေးကြီးသည့်အလျောက် အမျိုးသားရေး တာဝန်အဖြစ်ခံယူကာ ဆိုင်ရာဝန်ထမ်းများရော ပြည်သူလူထုပါ အားကြိုးမာန်တက် ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|
| (၁) ဦးကျော်ထွန်းအေး | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဒေါက်တာ မိုးမိုးသွယ် | ညွှန်ကြားရေးမှူးချုပ်<br>မူပိုင်ခွင့်ဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၃) ဒေါက်တာ ဌေးအောင် | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) ဒေါက်တာ ထွန်းအောင် | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၅) ဒေါက်တာ မြတ်ဝဏ္ဏစိုး | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## အိမ်ရာကဏ္ဍတွင် ခေတ်စနစ်နှင့်ကိုက်ညီသည့် အိမ်ရာများ တည်ဆောက်ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန်လို

**နေပြည်တော် ဧပြီ ၂၈**

ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဧပြီ ၂၆ ရက် နံနက်ပိုင်းက အဆောက်အဦ ဦးစီးဌာန အဆောက်အဦသုတေသနဓာတ်ခွဲခန်းများရုံး (ရန်ကုန်) ကို ကြည့်ရှုစစ်ဆေးပြီး ဓါတ်ခွဲခန်းသုံး ပစ္စည်းများ အမြဲကောင်းမွန်ရန်နှင့် ဌာနတွင်း လုပ်ငန်းအတွေ့အကြုံများ နှီးနှောဖလှယ်သည့် Knowledge Sharing Program ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦဦးစီးဌာန၏ ISO / IEC 17025: 2017 ရရှိပြီးဖြစ်သော ဘိလပ်မြေ၊ သဲနှင့် ကွန်ကရစ် Laboratories ခန်းများနှင့် မြန်မာ - ကိုရီးယား ဆောက်လုပ်ရေးပစ္စည်း စမ်းသပ်စစ်ဆေးရေးအဆောက်အဦတို့ကို ကြည့်ရှု စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းအခက်အခဲများ ဖြေရှင်းညှိနှိုင်းဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေး ဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လက်ရှိလုပ်ငန်းအတွေ့အကြုံများမှ အိမ်ရာကဏ္ဍတွင် ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် ခေတ်စနစ်နှင့် ကိုက်ညီသည့် အိမ်ရာများ တည်ဆောက်သွားရန်၊ ရန်ကုန်တိုင်းဒေသကြီး၏ ပြည်သူများ နေထိုင်မှုအဆင်ပြေစေရန်အတွက် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန်လိုပါကြောင်း ပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အိမ်ရာစီမံကိန်း တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဘူးသီးတောင်မြို့နယ်၌ ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေး

**ဘူးသီးတောင် ဧပြီ ၂၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဝန်ထမ်းများသည် သောက်သုံးရေ ရှားပါးသော ကင်းတောင်ကျေးရွာအုပ်စု ဒုံးသိမ်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ ခန့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ဒုံးသိမ်းကျေးရွာရှိ သောက်သုံးရေကန်များမှာ ယခင်နှစ်များတွင် ခန်းခြောက်မှုမရှိဘဲ ယခုနှစ်တွင် ခန်းခြောက်လာသောကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုရှိခဲ့ပြီး ဒုံးသိမ်းကျေးရွာတွင် အိမ်ထောင်စု ၆၃ စု ရှိကြောင်းသိရသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သောက်သုံးရေ ရှားပါးလျက်ရှိသော ကျေးရွာများသို့ ရေပေးဝေရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**

❖ ရုရှား - မြန်မာ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာများ၊ သံမဏိနှင့် စက်မှုဓာတုလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်၊ အရပ်ဘက်ပညာတော်သင်များ စေလွှတ်ရေး၊ ရုရှား - မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❑ *ရှေ့ဖုံးမှ*

Republic of the Tatarstan သမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov၊ တာတာစတန်ပြည်နယ် ဒုတိယဝန်ကြီးချုပ်နှင့် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး Mr. KARIMOV Albert Anvarovich နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အကြီးဆုံးရုပ်ပွားတော်တစ်ဆူဖြစ်လာမည်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း လာရောက်ခဲ့သည့် မိမိ၏ တာတာစတန်ပြည်နယ် ခရီးစဉ်အတွင်း အဆင်ပြေချောမွေ့စေရေး စီမံဆောင်ရွက်ပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး Republic of the Tatarstan သမ္မတက ယခုခရီးစဉ်အတွင်း မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်သို့ သွားရောက်လေ့လာ ခဲ့ပါကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ရုပ်ပွားတော်များတွင် အကြီးဆုံးရုပ်ပွားတော်တစ်ဆူဖြစ်လာမည်ဟု သိရှိရကြောင်း၊ ကျောက်ဆစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အလားတူ ဗုဒ္ဓဥယျာဉ်အတွင်းတွင် ပိဋကတ်သုံးပုံကျောက်စာချပ်များကို စိုက်ထူဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ ယခုမာရဝိဇယ ဗုဒ္ဓဥယျာဉ်တည်ဆောက်ရေးတွင် အဆွေတော် ဝန်ကြီးချုပ်ကိုယ်တိုင် စီမံဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိ၏ ယခုခရီးစဉ် အဆင်ပြေချောမွေ့စေရေး စီမံဆောင်ရွက်ပေးမှုများအတွက်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

**ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်**

ထို့နောက် ရုရှား -မြန်မာသံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာများ၊ သံမဏိနှင့် စက်မှုဓာတုလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းများတွင်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့်အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

*စာမျက်နှာ ၃ မှ*

ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်၊ အရပ်ဘက် ပညာတော်သင်များ စေလွှတ်ရေး၊ ရုရှား - မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

**ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ**

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Republic of the Tatarstan သမ္မတနှင့် အဖွဲ့ဝင်များကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် Republic of the Tatarstan သမ္မတနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်**

နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေကြသည်။ နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့သည် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေခဲ့ကြသည့် ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မေ ၂၈**

နိုင်ငံသားများ ခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်ကို မသန်စွမ်းသူအားလုံး တန်းတူညီမျှအပြည့်အဝ ရရှိစေရန်၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာစသည့် နယ်ပယ်အသီးသီးတွင် အခြားသူများနှင့် တန်းတူ လူမှုအဖွဲ့အစည်းနှင့် ပေါင်းစည်းပါဝင်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်မည့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းအတွက် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်ကောင်စီအနေဖြင့် ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများအပေါ် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်နိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယခု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် “မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ” အား ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ “မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ” ကို ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများ အကောင်



အထည်ဖော် ဆောင်ရွက်ရန်အတွက် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်တွင် ကနဦး မသန်စွမ်းမှု အဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းမှ အတွေ့အကြုံများရယူကာ လုပ်ငန်းစဉ်များအား နေပြည်တော်၊ မြို့နယ်ရှစ်မြို့နယ်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအတွက် ထိရောက်သည့် အစီအမံများ ချမှတ်ပြီး မသန်စွမ်းသူ တစ်ဦးချင်းစီအလိုက် ဘဝရပ်တည်ရေးမှ လူ့အသိုက်အဝန်းကို အကျိုးပြုနိုင်မည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက မသန်စွမ်းမှု အဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်း သူများ မှတ်ပုံတင်ခြင်း လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက မသန်စွမ်းမှု အဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်း ဆွေးနွေးကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

မသန်စွမ်းမှု အဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများ လူမှုဝန်ဆောင်မှုတို့ကို လက်လှမ်းမီ ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ အသေအချာ ရရှိရေးနှင့် လူ့အဖွဲ့အစည်းအတွင်းပါဝင်ဆောင်ရွက်ခွင့်ရရှိရေး စသည့် အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့်အဖွဲ့ဝင်များ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေမှုနှင့် ထုဆစ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

# Republic of the Tatarstan သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုအား ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံ၌ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ Republic of the Tatarstan သမ္မတ ဦးဆောင်သည့်အဖွဲ့အား ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးကြည်ဝင်းက စေတီတော်၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Republic of the Tatarstan သမ္မတနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး သစ်သီး၊ ပန်း၊ ရေချမ်းတို့ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် Republic of the Tatarstan သမ္မတသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ Republic of the Tatarstan သမ္မတနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်သို့ သွားရောက်ကာ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ထို့နောက် Republic of the Tatarstan သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်မည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဗိုလ်ချုပ်ကိုကိုလွင်၊ ဗိုလ်မှူးချုပ် ဇော်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုလွင်က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်း၏ ရည်ရွယ်ချက်၊ စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် အပိုင်းလိုက်သယ်ယူနိုင်ရေးဆောင်ရွက်ခဲ့မှု၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ခေတ်မီ CNC စက်ကြီးများဖြင့် အပိုင်းများခွဲ၍ ထုဆစ်နေမှု၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၌ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးစဉ်။



Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့်အဖွဲ့ဝင်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ၌ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ဆက်လက်၍ ဗိုလ်မှူးချုပ်ဇော်နိုင်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်မည့်အခြေအနေများနှင့် ဂန္ဓကုဋိတိုက်များ၊ သာသနာ့ဗိမာန်အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်၊ မော်ကွန်းတိုက်များ၊ သုဓမ္မာဇရပ်၊ ပိဋကတ်သုံးပုံကျောက်စာရုံများ၊ ဂေါပကရုံး၊ မုစလိန္ဒအိုင်၊ မင်္ဂလာတံတားနှင့် ရေပန်းများကို ရတနာပုံခေတ် လက်ရာများအတိုင်း ထည့်သွင်းတည်ဆောက်၍ မြန်မာ့အနုပညာလက်ရာ စုံလင်စွာဖြင့် ဗိသုကာလက်ရာမြောက်အောင် ထည့်သွင်းတည်ဆောက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုလွင်နှင့် Republic of the Tatarstan သမ္မတတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် Republic of the Tatarstan သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မာရဝိဇယကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် ထုဆစ်နေမှု၊ မာရဝိဇယကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အပိုင်းများအား CNC Machine များဖြင့် ထုဆစ်နေမှုနှင့် ထုဆစ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် Republic of the Tatarstan သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့ရောက်ရှိကြပြီး ပြခန်းမဆောင်အတွင်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ရွှေထည်၊ ငွေထည်နှင့် သယံဇာတပစ္စည်းများကို ပြကွက်အလိုက် ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

လုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်လာကြသဖြင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း။

တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိမှုအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြလျက်ရှိရာ ဦးဆောင်ကော်မတီ၏ (၁/၂၀၂၂) အစည်းအဝေးကျင်းပခဲ့ခြင်းနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ဖမ်းဆီးရမိမှုလချုပ်တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **"တရားမဝင်ကုန်သွယ်မှုများရှိနေဆဲဖြစ်၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ဖို့"** နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရီးစဉ်၌လည်း **"နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ဖို့"** လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အလေးထားသည့်အတွက် မိမိတို့အားလုံး လမ်းညွှန်ချက်အတိုင်း အရှိန်မြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ဖမ်းဆီးရမိမှု**

ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဖမ်းဆီးရမိ အမှုတွဲ ၂၉၈ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် (၆ ဒသမ ၃၂၄) ဘီလီယံနှင့် ဖေဖော်ဝါရီလတွင်ဖမ်းဆီးရမိအမှုတွဲ ၂၄၇ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် (၃ ဒသမ ၁၅၀) ဘီလီယံ ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ်၊ မတ်လတွင်ဖမ်းဆီးရမိ အမှုတွဲ ၃၀၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၃ ဒသမ ၄၃၀) ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း။

ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၁) ကျင်းပခဲ့ပြီး နောက်ပိုင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ သုံးလအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၈၄၆ မှု၊ ခန့်မှန်း တန်ဖိုးငွေကျပ် (၁၂ ဒသမ ၉၀၄) ဘီလီယံဖြစ်ပြီး ယခင်နှစ် ကာလတူ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ သုံးလအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၅၀၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် (၁ ဒသမ ၈၁၅) ဘီလီယံဖြစ်သည့်အတွက် ကာလတူတွင် အမှုတွဲ ၃၄၅ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် (၁၁ ဒသမ ၀၈၉) ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း။

ယခင်နှစ် တစ်နှစ်လုံးနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဖမ်းဆီးရမိတန်ဖိုးငွေကျပ် (၈ ဒသမ ၄၅၉) ဘီလီယံသာ ဖမ်းဆီးရမိခဲ့သည့်အတွက် သုံးလအတွင်း ခန့်မှန်းတန်ဖိုးငွေကျပ် (၄ ဒသမ ၄၄၅) ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရမည် ဖြစ်ကြောင်း။

**အရှိန်အဟုန်မြှင့် ဆောင်ရွက်**

ထိုသို့ဖမ်းဆီးရမိမှုတိုးတက်လာခြင်းကို ကျေနပ်မနေဘဲ နိုင်ငံတော်နှင့် စီးပွားရေးမဏ္ဍိုင်ကို ထိုးနှက်မှုရှိနေသော တရားမဝင်ကုန်သွယ်မှုများရှိနေဆဲဖြစ်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရမိပစ္စည်းများတွင် ကန့်သတ်ကုန်ပစ္စည်းများ၊ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သည့် ကန့်သတ်ပစ္စည်းများသာမက ဓာတုကုန်ကြမ်းပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များကိုပါ ဖမ်းဆီးရမိသည်ကို တွေ့ရကြောင်း။

**နိုင်ငံ၏ဂုဏ်သိက္ခာ ထိခိုက်စေမည်**

အဆိုပါဖမ်းဆီးရမိကုန်ပစ္စည်းများမှ ကန့်သတ်ထားသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မူးယစ်ဆေးဝါးများသည် ပြည်တွင်း၌ အသုံးချရန်ရည်ရွယ်ခဲ့ပါက မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်ကြီးမားသကဲ့သို့ အခြားနိုင်ငံများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ရောက်ရှိသွားမည်ဆိုပါက နိုင်ငံ၏ဂုဏ်သိက္ခာ ထိခိုက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ကျဝန်ထမ်းများအနေဖြင့် တားဆီးစစ်ဆေးအရေးယူမှုများနှင့် စပ်လျဉ်း၍ သစ္စာရှိရှိ တင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တိုးတက်မှုတစ်ခုအနေဖြင့် ယခင်က တရားမဝင်ကုန်သွယ်မှု ဖမ်းဆီးရမိမှုမရှိခဲ့သည့် ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖမ်းဆီးရမိမှုများရှိလာသည်ကို တွေ့ရကြောင်း၊ နယ်စပ်ဒေသများ၊ လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် ကုန်းတွင်းပိုင်းတို့တွင် ပုံမှန်ဖမ်းဆီးရမိမှုများ ရှိနေသော်လည်း ကမ်းရိုးတန်းဒေသများ၌ ဖမ်းဆီးရမိမှု အားနည်းနေသည်ကို တွေ့ရကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် OSS ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အခက်အခဲများတွေ့ကြုံရပါက ဦးဆောင်ကော်မတီသို့ တင်ပြကြရန်နှင့် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

- ❒ **တိုးတက်မှုတစ်ခုအနေဖြင့် ယခင်က တရားမဝင်ကုန်သွယ်မှုဖမ်းဆီးရမိမှုမရှိခဲ့သည့် ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖမ်းဆီးရမိမှုများ ရှိလာသည်ကိုတွေ့ရ**
- ❒ **နယ်စပ်ဒေသများ၊ လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် ကုန်းတွင်းပိုင်းတို့တွင် ပုံမှန်ဖမ်းဆီးရမိမှုများရှိနေသော်လည်း ကမ်းရိုးတန်းဒေသများ၌ ဖမ်းဆီးရမိမှု အားနည်းနေသည်ကိုတွေ့ရ**
- ❒ **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း သတင်းပေးတိုင်ကြားမှု စုစုပေါင်း ၂၉ မှုရှိခဲ့ပြီး ဖမ်းဆီးရမိမှု ၂၂ မှု၊ သတင်းမှားငါးမှု၊ နောက်ကျသတင်းပေးတစ်မှုနှင့် ဆောင်ရွက်ဆဲတစ်မှုတို့ဖြစ်ပြီး သတင်းပေးတိုင်ကြားမှု၏ ၇၆ ရာခိုင်နှုန်းခန့် အမှန်တကယ် ဖမ်းဆီးရမိခဲ့သည်ကိုတွေ့ရ**

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေ**

ဖမ်းဆီးရမိမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများအနေဖြင့် သတ်မှတ်ဆုကြေးများ မြန်မြန်ဆန်ဆန် ခွဲဝေထုတ်ပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေကြကြောင်း၊ သတ်မှတ်ထားသည့်ဆုကြေးမြန်မြန်ဆန်ဆန်ခွဲဝေချီးမြှင့်မှုသည် တာဝန်ကျဝန်ထမ်းများကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် စိတ်အားထက်သန်မှု ပိုမိုဖြစ်ပေါ်စေကြောင်း။

တရားမဝင်ကုန်ပစ္စည်းများကို တားဆီးစစ်ဆေးအရေးယူရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်များအပြင် တရားမဝင်ကုန်ပစ္စည်းတင်ဆောင်လာသည့် ယာဉ်များကိုလည်း ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူပြီး နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရခြင်းများလည်းရှိကြောင်း၊ သို့သော် စနစ်တကျထိန်းသိမ်းခြင်းမရှိသည့်အတွက် ဖမ်းဆီးရမိမော်တော်ဆိုင်ကယ်အများစုသည် သုံးစွဲ၍မရအောင် ပျက်စီးနေသည့်အတွက် များစွာဆုံးရှုံးနစ်နာကြောင်း။

**နည်းလမ်းများ ရှာဖွေဖြေရှင်း**

ထို့အတူ ဖမ်းဆီးရမိမော်တော်ယာဉ်များကို စိစစ်ရာတွင် မော်တော်ယာဉ် ၂၅၇ စီးတွင် ခုနစ်စီးသာ အမှန်တကယ်အသုံးပြု၍ရသည့်အတွက် ၂ ဒသမ ၄ ရာခိုင်နှုန်းသာ အသုံးပြုနိုင်သည်ကို တွေ့ရှိရကြောင်း၊ နည်းလမ်းများ ရှာဖွေဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း။ လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်၍ အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ အဖြေရှာသွားကြရမည် ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်ရာတွင် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်ရန် လိုအပ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်များကို မည်သို့သောအခြေအနေမျိုးတွင် သိမ်းဆည်းမည်၊ မည်သည့်ဥပဒေဖြင့် အရေးယူမည်၊ မည်သည့်ဌာန အဖွဲ့အစည်းသို့ အပ်နှံရမည်စသည့် လုပ်ထုံးလုပ်နည်းများ များစွာကွာခြားမနေရန် လိုကြောင်း၊ ပိတ်ပင်တားမြစ်ကုန်ပစ္စည်းသယ်ဆောင်ခြင်း၊ ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းသယ်ဆောင်ခြင်းဟူ၍ သတ်မှတ်ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများ၊ အရေးယူရမည့် ဥပဒေပုဒ်မများကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

**သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေး**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပါဝင်သော ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် ဌာနတစ်ခုနှင့်တစ်ခုရှိ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အပြန်အလှန်သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် တရားမဝင်ကုန်ပစ္စည်း တားဆီးဖမ်းဆီးရာတွင် ပါဝင်သော ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ချိန်တွင် မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ SOPများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပိုမိုကျေညက်စွာ နားလည်ရန်လိုအပ်သည့် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

ပြည်သူလူထုကို အန္တရာယ်ဖြစ်စေနိုင်သည့် အစားအသောက်နှင့် ဆေးဝါးများ၊ အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ ယမန်နေ့က MICC-II ၌ ကျင်းပခဲ့သည့် အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ မိတ်ဆက်ခြင်းနှင့် ဖြန့်ဝေခြင်းအခမ်းအနားတွင် FDA နှင့် ဆက်စပ်ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည့် မူဝါဒလုပ်ငန်းစဉ်များအတိုင်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**လုံခြုံရေးနှင့် နေထိုင်မှုအဆင်ပြေရေး**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် အကျိုးရှိစေသော်လည်း တရားမဝင်ကုန်သွယ်မှုလုပ်ကိုင်သည့်သူများတွင် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာကြောင်း၊ ထိုသို့သော ထိခိုက်ဆုံးရှုံးမှုများအတွက် ဖမ်းဆီးမှုတွင်ပါဝင်သည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများကို မကျေနပ်သောစိတ်၊ လက်စားချေလိုသောစိတ်ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာအောင် နည်းမျိုးစုံသုံး ကြိုးပမ်းနေကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများ၏ လုံခြုံရေးကို ဂရုစိုက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် OSS အဖွဲ့ဝင်ဌာနများသို့ ညွှန်ကြားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း လှုပ်ရှားဆောင်ရွက်စေခဲ့ကြောင်း၊ ဌာနအကြီးအကဲများအနေဖြင့် နိုင်ငံ့တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများကို မိသားစုဝင်ကဲ့သို့ သဘောထား၍ ၎င်းတို့၏ လုံခြုံရေးနှင့် နေထိုင်မှုအဆင်ပြေရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် တားဆီးစစ်ဆေးအရေးယူခြင်းများရှိသကဲ့သို့ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများမှတစ်ဆင့် ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်များလည်း ရှိကြောင်း။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း သတင်းပေးတိုင်ကြားမှု စုစုပေါင်း ၂၉ မှုရှိခဲ့ပြီး ဖမ်းဆီးရမိမှု ၂၂ မှု၊ သတင်းမှား ငါးမှု၊ နောက်ကျ သတင်းပေးတစ်မှုနှင့် ဆောင်ရွက်ဆဲ တစ်မှုတို့ဖြစ်ပြီး သတင်းပေးတိုင်ကြားမှု၏ ၇၆ ရာခိုင်နှုန်းခန့် အမှန်တကယ် ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရကြောင်း။

**တရားမဝင်ကုန်သွယ်မှု တိုင်ကြားနိုင်**

ယခုအချိန်အထိ သတင်းပေးတိုင်ကြားမှုများဆက်လက်ရရှိနေပြီး သတင်းချပြ ဖမ်းဆီးရမိမှုများလည်းရှိနေကြောင်း၊ သို့သော် တရားမဝင်ကုန်သွယ်မှုအခြေအနေနှင့် တိုင်ကြားမှုအရေအတွက်ကို နှိုင်းယှဉ်ကြည့်လျှင် နည်းပါးနေသေးသည့်အတွက် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍တိုင်ကြားနိုင်ကြောင်းကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အတူ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ညှိနှိုင်းပြင်ဆင်ပြဋ္ဌာန်းလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အရေးယူခြင်းများဆောင်ရွက်သကဲ့သို့ အသိပညာပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို့နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၂/၂၀၂၂) သို့ တင်ပြသည့် အမှာစာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်လင်းထွန်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၂၂) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ – Republic of the Tatarstan စီးပွားရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၈

**မြန်မာနိုင်ငံနှင့် Republic of the Tatarstan တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် Republic of the Tatarstan သမ္မတ H.E. Mr. Rustam Nurgaliyevich Minnikhanov နှင့် ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ PARKROYAL Hotel ၌ တွေ့ဆုံသည်။**




တွေ့ဆုံစဉ် နှစ်ဖက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအလားအလာများအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် Republic of the Tatarstan တို့အကြား နှစ်ဖက် အစိုးရ/ပုဂ္ဂလိက အဖွဲ့အစည်းများပါဝင်သော စကားဝိုင်းဆွေးနွေးပွဲ (Roundtable Talks between Myanmar and Tatarstan Business Circles) ကို ဆက်လက်ကျင်းပရာ(**အပေါ်ပုံ**) Republic of the Tatarstan သမ္မတနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ ဦးဆောင်တက်ရောက်ကြသည်။ စကားဝိုင်းဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကိုဗစ်အလွန်ကာလ ဦးစားပေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ထားရှိမှုများ၊ မြန်မာ–တာတာစတန်အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်နိုင်မည့် အလားအလာများနှင့်စပ်လျဉ်းပြီး အလေးထားပြောကြားခဲ့သည်။

ဆက်လက်၍ Republic of the Tatarstan သမ္မတ H.E. Mr. Rustam Nurgaliyevich Minnikhanov က နှစ်ဖက်စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်သော နယ်ပယ်အသစ်များမှတစ်ဆင့် အကျိုးတူဖက်စပ်စီမံကိန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မော်တော်ယာဉ်ထုတ်လုပ်မှုအပါအဝင် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အပြန်အလှန် အလုပ်သဘောခရီးစဉ်များ ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ ပညာသင်များအား တာတာစတန်၏ မြို့တော် ကာဇန်ရှိ အဆင့်မြင့်တက္ကသိုလ်များတွင် ပညာသင်ကြားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး H.E.Dr.Nikolay LISTOPADOV က ဆွေးနွေးပွဲမှတစ်ဆင့် နှစ်ဖက်ချစ်ကြည်ရင်းနှီးမှုနှင့်အတူ စီးပွားရေးနယ်ပယ်အသီးအသီးတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် သံရုံးအနေဖြင့် လိုအပ်သည့်ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Republic of the Tatarstan ၏ ဒုတိယဝန်ကြီးချုပ်နှင့် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဖြစ်သူ H.E. Mr. Karimov Albert Anvarovich က မြန်မာနိုင်ငံနှင့် တာတာစတန်တို့အကြား အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များကို ဆွေးနွေးတင်ပြခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး၊ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ ဆန်နှင့်ပဲမျိုးစုံ အဆင့်မြှင့်တင်ပို့ထုတ်လုပ်ရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နှစ်ဖက်ရှင်းလင်းတင်ပြမှုအပြီးတွင် မြန်မာ့ဆန်နှင့် လယ်ယာထွက်ကုန်များတင်ပို့မှုနှင့် စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ဓာတုပစ္စည်းများတင်သွင်းမှုတို့အတွက် ရည်ရွယ်သည့် စာလွှာ (Letter of Intent–LOI) နှစ်စောင်ကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်နှင့် Republic of the Tatarstan ဘက်မှ JSC “RATSIN” တို့က လက်မှတ် ရေးထိုးလဲလှယ်သည်။ အဆိုပါ LOI နှစ်စောင်ကို လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ထွက်ပစ္စည်းများတင်ပို့နိုင်မည့် အခွင့်အလမ်းနှင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအတွက် လိုအပ်သော အရည်အသွေးမီ ဓာတ်မြေဩဇာများကို တင်သွင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

ဆက်လက်ပြီး Republic of the Tatarstan ဘက်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးမှုအစီအစဉ် (Networking Session) ကို ပြုလုပ်ခဲ့ပြီး နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာ – Republic of the Tatarstan စီးပွားရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲသို့ Republic of the Tatarstan စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ မြန်မာဘက်မှ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာန/အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ မြန်မာ–ရုရှား ချစ်ကြည်ရေးအသင်းနှင့် မြန်မာ–ရုရှား စီးပွားရေးဖွံ့ဖြိုးမှုအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၇၀ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ–တရုတ် နှစ်နိုင်ငံဗဟိုအစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးတွဲကာကွယ်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

မြန်မာ–တရုတ် နှစ်နိုင်ငံဗဟိုအစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးတွဲကာကွယ်ရေး လုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် ၅၈ ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁) နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် ကော်မတီအတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တောမီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်ကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာဝတောနှင့် သစ်တောစိုက်ခင်းများ တောမီးအန္တရာယ် လျော့နည်းရေး ဆောင်ရွက်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသည် မြန်မာ–တရုတ် နှစ်နိုင်ငံဗဟိုအစိုးရများအကြား တောမီးအန္တရာယ်ဆိုင်ရာ ပူးတွဲကာကွယ်ရေးယန္တရားတစ်ရပ် ထူထောင်နိုင်ရန်နှင့် နှစ်နိုင်ငံနယ်စပ်ဒေသ တောမီးအန္တရာယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် တောမီးများလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်နိုင်သည့်ဆုံးရှုံးမှုများကို ထိရောက်စွာ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် မြန်မာနှင့် တရုတ် နှစ်နိုင်ငံနယ်စပ်အကြား မီးလောင်ကွက်များပျံ့နှံ့မှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်မှု၊ ဘက်စုံပါဝင်သော အမျိုးသားအဆင့် မီးစီမံအုပ်ချုပ်မှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းအစီအစဉ် ရေးဆွဲဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာ အာဆီယံ သဘောတူညီချက်အပေါ် ပူးပေါင်းဆောင်ရွက်မှု၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကြောင့် တောမီးလောင်ကျွမ်းခြင်းကို ကာကွယ်နိုင်ရေးအတွက် ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်းစနစ် တိုးမြှင့်ဆောင်ရွက်မှု၊ တောမီးလောင်ကျွမ်းမှုအန္တရာယ် လျှော့ချရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်မှုတို့ကို ဆွေးနွေးကြပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လေ့လာဆန်းစစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တောမီးကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်သတိပေးရေး၊ တောမီးလောင်ကျွမ်းမှုလျှော့ချရေး၊ တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ဒေသအပါအဝင် နိုင်ငံအတွင်း တောမီးကာကွယ်ရေးဆိုင်ရာ ဘက်စုံပါဝင်သော အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်ကို ဆက်လက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်

## SEA Games တွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိသူများကို မြန်မာငွေကျပ်သိန်း ၃၀၀၊ ငွေကျပ် သိန်း ၂၀၀၊ ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်ပေးသွားမည်

**နေပြည်တော် မေ ၂၈**

**(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံအမှာစကားပြောကြားခြင်းနှင့် 19th Asian Billiards Championship နှင့် 37th Asian Men's Snooker Championship ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီ တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



ရေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အားကစားကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် အဖွဲ့ချုပ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ နိုင်ငံတော်၏ အားကစားကဏ္ဍ အောင်မြင်တိုးတက်စေရန် ဝန်ကြီးဌာနအောက်ရှိဝန်ထမ်းများကိုလည်း ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ရန် မှာကြားထားပြီး ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း မည်သည့်အဖွဲ့ချုပ်ကိုမဆို လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌများအနေဖြင့်လည်း မိမိအဖွဲ့ချုပ်ရှိအားကစားသမားများတွင် အခက်အခဲများရှိပါက အဖွဲ့ချုပ်တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေး တင်ပြနိုင်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း အကောင်းဆုံး ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ SEA Games တွင် ရွှေ၊ငွေ၊ကြေး ဆုတံဆိပ်ရရှိသူများကို မြန်မာငွေကျပ်သိန်း ၃၀၀၊ ငွေကျပ်သိန်း ၂၀၀၊ ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် တစ်ဦးကောင်းတစ်ယောက်ကောင်း စိတ်ဓာတ်မမွေးဘဲ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုဆုတံဆိပ်ကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တက်စေရန်အတွက် ပြိုင်ပွဲတွင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ခဲ့ကြစေလိုကြောင်း၊ နောက်လာမည့် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဆင့်မီပြီး အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)၌ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp) ဖွင့်လှစ်ပြီး အားကစားသမားများကို ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အားကစားအဖွဲ့ချုပ်တာဝန်ရှိသူများက ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များ၊ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားအင်အား အခြေအနေ၊ တည်းခိုနေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေး (Transportation) ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကာတာနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် 19th Asian Billards Championship ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိခဲ့သည့် မောင်ပေါက်စနှင့် 37th Asian Men's Snooker Championship ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိခဲ့သည့် မောင်အောင်ဖြိုးတို့ကို ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မေ ၂၈**

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်က တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ပေးအပ်သည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုများအား နယ်မြေခံဆေးတပ်ရင်းမှ ဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့ စက်ရုံစုရပ်ကွက်အနီးရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ၌ နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးတပ်ရင်းမှ ဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုင်းတုံမြို့နယ် ဟိုရွက်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မေ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် ဟိုရွက်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးအဖွဲ့က ဒေသခံတိုင်းရင်းသား ပြည်သူ ၇၀၀ တို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ၄က်ဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို မိုင်းဆတ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၈**

ထူးခြားသည့် နေ့အပူချိန်များမှာ မြင်းခြံမြို့၊ ချောက်မြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းကင်းမြို့၊ မုံရွာမြို့၊ ကြေးမုံမြို့၊ မြင်းမူမြို့၊ ညောင်ဦးမြို့၊ တံတားဦး (လေကြောင်းမိုးလေဝသ)၊ မကွေးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းကို ကြိုဆိုထောက်ခံသည့် သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် မေ (၂၂)ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားသည်။

အဆိုပါ မိန့်ခွန်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅) နှစ်တာကာလအတွင်း လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားများ အပြည့်အဝမခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေးရရှိစေရန်နှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန် ရည်ရွယ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင် (၂) ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနိုးဆော်ချက်ဖြစ်သဖြင့် ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်များကို နိုင်ငံရေးပါတီ (၂၃) ပါတီ အပါအဝင် အသင်းအဖွဲ့အသီးသီးက ထုတ်ပြန်ခဲ့ကြသည်။

အလားတူ ယနေ့တွင်လည်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ငြိမ်းချမ်းရေးဆွေးနွေးပွဲကမ်းလှမ်းဖိတ်ခေါ်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၂၂)

မြန်မာနိုင်ငံက ပါဝင်ထောက်ခံမဲပေးခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၃ ၌ "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံခွင့် ရခွင့်ရှိသည်။" ဟု အသိအမှတ်ပြု ဖော်ပြပါရှိပါသည်။

အလားတူမြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ထားသော အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၃၈ တွင်လည်း "အာဆီယံနိုင်ငံများရှိ ပြည်သူအားလုံးနှင့် လူတိုင်းတွင် ငြိမ်းချမ်းရေးကို ရရှိခံစားခွင့်ရှိကြသည်။" ဟု အသိအမှတ်ပြု ဖော်ပြပါရှိပါသည်။

ယင်းအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်သော ဦးစားပေးအခြေအနေတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး မရရှိခဲ့သဖြင့် လွန်ခဲ့သော ဆယ်စုနှစ်များစွာအတွင်း နိုင်ငံသားများအတွက် ဆိုးရွားသော ဆုံးရှုံးနစ်နာမှုများနှင့် အခက်အခဲများစွာ ဖြစ်ပေါ်စေခဲ့သည်ကို အလွန်အမင်းအလေးထားဖော်ပြရန် မလိုအပ်တော့ပါ။ မြန်မာနိုင်ငံရှိ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များ၏ အကျိုးစီးပွားအတွက် ယင်းကဲ့သို့ ကံအကြောင်းမလှသည့် အခြေအနေများကို အပြီးအပြတ်နှင့် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန် အချိန်တန်ပြီဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူကိုယ်တိုင်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းဖိတ်ခေါ်မှုသည် လမ်းကြောင်းမှန်ကို ရွေးရှု၍ ကြီးမားသော ခြေလှမ်းလုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးကြသူအားလုံးက အမိအရ ရယူအသုံးချရမည့် အခွင့်အခါကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန် အလို့ငှာ မျှော်မှန်းထားသည့် ယင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ အလုံးစုံဖြစ်ပေါ်လာရေး ဖြစ်နိုင်သမျှ အခြေအနေများကို ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြပါရန် သက်ဆိုင်သူအားလုံးကို တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်

## ပညာရေးဒီဂရီကောလိပ်များသို့ ပြောင်းရွှေ့တက်ရောက်လိုသူများ မေ ၁၆ ရက် နောက်ဆုံးထားလျှောက်ထားနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**ဆရာအတတ်ပညာဦးစီးဌာန**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ အထူးပြုဘာသာရပ်အသီးသီး၌ ဝင်ခွင့်ရရှိပြီး ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များသို့ ပြောင်းရွှေ့တက်ရောက်လိုသူများသည် မေ ၁၆ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ် ဆရာအတတ်ပညာဦးစီးဌာန နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်သည်။

သတင်းစဉ်

## ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ တစ်သက်တာစာပေဆုကို ဆရာကြီး ဒေါက်တာမျိုးသန့်တင်၊ ဆရာကြီး ဦးညွှန့်ဆွေ(မောင်ဆွေသက်)တို့ ရရှိ

**ရန်ကုန် မေ ၂၈**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏အမည်စာရင်းကို ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီက ယနေ့ ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ကိုလေးပြည့် ရေးဖွဲ့သည့် **"အမေကဗျာ ဆရာမ နှင့် အခြားကဗျာများ"**၊ ဒုတိယဆုကို သမီးပျို ရေးဖွဲ့သည့် **"မုဒိတာရနံ့နှင့် အခြားကဗျာများ"**၊ တတိယဆုကို ကြည်သိန်းဇော် ရေးဖွဲ့သည့် **"ခေတ်ဆန်းချိန်ကဗျာ ပေါင်းချုပ်"** စာမူတို့က လည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ပထမဆုကို တင်တော်ရေးသားသည့် **"အလင်းမီးတိုင် နေလပြိုင်၍ ထွန်းလင်းပြလိုက်ချင်"**၊ ဒုတိယဆုကို မျှဝေ(ဥက္ကံ) ရေးသားသည့် **"ကုသိုလ်တစ်ပဲအတွက် အရင်းအနှီး"**၊ တတိယဆုကို မေသနပ်ခါး ရေးသားသည့် **"ပျော်ရွှင်မှုဆိုတဲ့ ပူဖောင်းလေးတွေ"** စာမူတို့ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ရွှေညောင်မြေမောင်စန်းမြင့် ရေးသားသည့် **"ဥယျာဉ်မှူးနှင့် ပန်းပွင့်များ"**၊ ဒုတိယဆုကို စံဝင်းအောင် (မြန်အောင်) ရေးသားသည့် **"ယူဇနာနှင့် သိန်းလေးသောင်းနှင့် အခြားဝတ္ထုတိုများ"**၊ တတိယဆုကို ထက်ဝေအောင် (စစ်ကိုင်း) ရေးသားသည့် **"မေတ္တာမိုးရေနှင့် အခြားဝတ္ထုတိုများ"** စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် ဒုတိယဆုကို မောင်အောင် ရေးသားသည့် **"ကျေးဇူးရှင်အဖေနှင့် ပတ်သက်သည့် စာစုများ"**၊ သုတေသနစာပေဆုတွင် ပထမဆုကို ဆွေဇင်ညွှန့်(ACPE) ရေးသားသည့် **"တစ်ပိုင်တစ်နိုင် ဝမ်းစာကြိတ် ဆန်စက်ငယ်အခြေခံ"**၊ ဒုတိယဆုကို ဘိုးရာဇာ ရေးသားသည့် **"စိုက်ပျိုးရေးရာ ပြဿနာအဖြေရှာ"**၊ တတိယဆုကို ကျော်ဝင်း(စက်မှုအင်ဂျင်နီယာ) ရေးသားသည့် **"သံနှင့်သတ္တုများ ထုတ်လုပ်ခြင်းနှင့် သံမဏိအမျိုးမျိုးဖြင့် ပြောင်းလဲအသုံးပြုခြင်း အတတ်ပညာ"** စာမူတို့က လည်းကောင်း အသီးသီးရရှိကြသည်။

၂၀၂၀ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ တစ်သက်တာစာပေဆုကို ဆရာကြီး ဒေါက်တာမျိုးသန့်တင်နှင့် **ဆရာကြီး ဦးညွှန့်ဆွေ (မောင်ဆွေသက်)တို့ ရရှိသည်။**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မသဇင်ထက် ဒုတိယနှစ် (သဘင်ပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ထင်ရှားအောင် ဘွဲ့ကြိုတန်း(ဒုတိယနှစ်)အနုပညာဌာနခွဲ (ပန်းချီ)တို့က ရရှိကြသည်။

၂၀၂၀ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုကို ကြည်ထွန်းမော် ရေးသားသည့် **"ရွှေဝယ်သူတွေ မသိသေးတဲ့ ရွှေလောက မသမာမှုများ"** စာအုပ်၊ ဒေါက်တာညိုအောင်ရေးသားသည့် **"သမိုင်းမြစ်ဖျား"** စာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတစ်သက်တာဆုကို ယခင် ခြောက်သိန်းချီးမြှင့်ရာမှ ယခုနှစ်တွင် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်ပြီး ပခုက္ကူဦးအုံးဖေစာမူဆု ပထမဆုကို ယခင် လေးသိန်းမှ ယခု ခုနစ်သိန်း၊ ဒုတိယဆုကို ယခင် သုံးသိန်းမှ ယခု ငါးသိန်း၊ တတိယဆုကို ယခင် နှစ်သိန်းမှ ယခု လေးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ စာတည်းမှူးချုပ် ၀၁-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပညာရည်ချွန်ဆုနှင့် စာကြည့်တိုက်စာအုပ်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# ဉာဏ်ပညာဦးစီး ဤခရီး ဖြောင့်ဖြူးသာယာရှိပါစေ

*စိုးနိုင်ထွန်း(ကနီ)*

> ❊ အတွေ့အကြုံရော ဉာဏ်ပညာနှင့်ပါ ပြည့်စုံပါမှ မိမိထံသို့ ဝင်ရောက်လာသူ၊ ပေါင်းသင်းလာသူများအား မည်သူကမိတ်ဆွေစစ်၊ မည်သူက မိတ်ဆွေတုဟု ကောင်းစွာခွဲခြားနိုင်မည်ဖြစ်သည်။ အကျိုးလိုလို့ ညောင်းရေလောင်းသူလား၊ မိမိကို အင်အားချည့်နဲ့အောင် ကုန်းချောရန်တိုက်ပေးသူလား၊ မြှောက်ပင့်ခိုင်းစားသူလားဆိုသည်ကို ဂဃနဏ ခွဲခြားနိုင်သူ ဖြစ်ပေမည်။
>
> ❊ အတွေ့အကြုံဟူသည် အကောင်းဆုံးဆရာဖြစ်သည်ဟု ဆိုထားသဖြင့် အတွေ့အကြုံများနှင့် ဉာဏ်ပညာတို့ ပေါင်းစပ်၍ လုပ်ဆောင်ပါက အကောင်းတကာ့ အကောင်းဆုံးပင် ဖြစ်သွားပေလိမ့်မည်

**"အမှန်တရားက ဖိနပ်စီးနေစဉ် မုသားက ကမ္ဘာတစ်ပတ်ပတ်ပြီးနေပြီ" တဲ့။**

အမှန်တရား ဟူသည် သစ္စာတရားပင်ဖြစ်သည်။ အများကြိုက်တိုင်း၊ ကိုယ်ကြိုက်တိုင်း အမှန်တရားမမည်သလို ကိုယ်မကြိုက်တိုင်း၊ အများမကြိုက်တိုင်းလည်း အမှန်တရားမဟုတ်ဟု မဆိုနိုင်ပေ။ မည်သည်ကအမှန်၊ မည်သည်ကအမှား၊ မည့်သည့်အရာက အကြောင်း၊ မည့်သည့်အရာက အကျိုး၊ မည်သည်ကအကောင်း၊ မည်သည်က အဆိုးဟု မှန်မှန်ကန်ကန်ဖြင့် နည်းလမ်းတကျ ဝေဖန်ဆန်းစစ်နိုင်ဖို့ အင်မတန်မှ အရေးကြီးလှပေသည်။

အမှန်တရားကို မျက်ကွယ်ပြုကာ အများအကြိုက်ဆောင်၍ အချိုပေါ်သကာလောင်းသည့် စကားများဖြင့် ကိုယ့်အကျိုးစီးပွားဖြစ်ရေး၊ ဘယ်သူသေသေ ငတေမာ ပြီးရောစိတ်ဓာတ်ဖြင့် ပြုမူဆောင်ရွက်နေကြသည်ကို ဤမျက်မှောက်ကမ္ဘာတွင် တွေ့မြင်နေကြရသည်။

ယနေ့ကမ္ဘာကြီးတွင် မည်သည့်နေရာကိုပင်ကြည့်ကြည့် လောဘမီး၊ ဒေါသမီးတို့ဖြင့် တစ်နည်းမဟုတ်တစ်နည်း အမြဲလောင်မြိုက်၍နေသည်။ ရှေးယခင်များဆီက ယခုခေတ်အခါလောက် လိုချင်လောဘတို့ မရှိကြဟုဆိုသည်။ အကြောင်းမှာ မော်တော်ကားများ မပေါ်ထွန်းမီက အဘယ်မှာ မော်တော်ကားအပေါ်လိုချင်တပ်မက်မှု ရှိလိမ့်မည်နည်း။ ထို့အတူ အခြားအသုံးအဆောင်ပစ္စည်းများဖြစ်သည့် ဇိမ်ခံပစ္စည်း၊ အလှအပရေးရာနှင့် ဝတ်စားဆင်ယင်မှုတို့တွင်လည်း ယခုခေတ်အခါကဲ့သို့ မများပြား၊ မဆန်းကျယ်လှသေးချေ။ ထို့ကြောင့် ဤပစ္စည်းတို့အပေါ် အဘယ်မှာ လိုချင်တပ်မက်မှု ရှိလိမ့်မည်နည်း။ မိမိပိုင်ဆိုင်သည့် အနည်းငယ်မျှသော ပစ္စည်းလေးများဖြင့်သာ ရောင့်ရဲ၍ ဘဝကို ကျေနပ်နေနိုင်ကြသည်။

## လိုချင်စရာများသောဘုံ

ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဟူသော ဘုံသုံးပါးရှိသည့်အနက် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာလောကကြီးသည် ကာမဘုံဟူသည့် တပ်မက်စရာ လိုချင်စရာများနှင့် တန်းစီပြည့်နှက်နေသော ဘုံဖြစ်သည်။ လိုချင်စရာများသောဘုံတွင် နေထိုင်နေကြသောကြောင့် လိုချင်စိတ်ဖြစ်မိသည်မှာ မဆန်းသော်လည်း မိမိရပိုင်ခွင့်ကိုကျော်၍ အခြားသူ တစ်ပါးတို့၏ ရပိုင်ခွင့်များအပေါ် လိုချင်စိတ်၊ ပိုင်ဆိုင်ချင်စိတ်များ ဖြစ်လာကြသောကြောင့် ဤကမ္ဘာလောကကြီး ပူလောင်ဆူပွက်၍ စစ်မက်ထူပြောနေကြခြင်းဖြစ်သည်။

ကမ္ဘာ့ခေါင်းဆောင်ကြီးများအမည်ခံ ပုဂ္ဂိုလ်ကြီးများကပင် ယနေ့ ဤနေရာတွင် တစ်မျိုးပြောပြီး နောက်နေ့ နောက်တစ်နေရာတွင် နောက်တစ်မျိုးပြောကာ မုသာဝါဒကံ (လိမ်လည်ပြောဆိုခြင်း)၊ ပိသုဏာဝါစာကံ(ကုန်းတိုက်ခြင်း၊ ရန်လိုအောင် ပြောဆိုခြင်း) တို့ကို အရှက်တရား ကင်းမဲ့စွာဖြင့် ပြောင်ပြောင်တင်းတင်း ပြောဆိုနေကြလေသည်။ ကမ္ဘာစောင့်တရား နှစ်ပါးဖြစ်သော (ဟီရီ၊ ဩတပ္ပ) မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်းနှင့် မကောင်းမှုပြုလုပ်ရမည်ကို ကြောက်ခြင်းတည်းဟူသော လောကပါလတရားများ ကင်းကွာဆိတ်သုဉ်း၍လာကြပြီဖြစ်သည်။ ဤသို့ ပြုမူ၊ ပြောဆိုနေကြသည်ကို ကောင်းသည့်လက္ခဏာအနေဖြင့် အတုယူနည်းမှီနေကြမည်ဆိုပါက ကျွန်ုပ်တို့နေထိုင်နေသော ဤကမ္ဘာလောကကြီးသည် တဖြည်းဖြည်း ပျက်စီးသွားရန်သာ ရှိပေတော့မည်။

ထိုကမ္ဘာ့ခေါင်းဆောင်ကြီးဆိုသူတို့သည် လွန်လေပြီးသောတစ်ချိန်က ယင်းတို့ မလိုလားသော နိုင်ငံတစ်ခုကို ပြစ်တင်ခြင်း၊ ရှုတ်ချခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း စသည့်အရေးယူခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် အဆိုပါနိုင်ငံသည် ယင်းခေါင်းဆောင်ကြီးတို့၏ အကျိုးစီးပွားအတွက် လိုအပ်လာပြီဖြစ်သောအခါ ယခင်က ပြဿနာဖြစ်ခဲ့ဖူးခြင်းပင်မရှိခဲ့သလို တစ်အူထုံ့ဆင်း ညီအစ်ကိုရင်းပမာ ဟန်ဆောင် လှည့်စားကာ ဖာထေးမြှောက်ပင့်လာကြပြန်သည်။

ဤကဲ့သို့ ခုတစ်မျိုး တော်ကြာတစ်မျိုးဖြင့် အမျိုးမျိုးအပြောင်းအလဲပြု ဗလောင်းဗလဲအမှုတို့ကို လုပ်ဆောင်နေသူတို့၏စိတ်နှင့် မာယာလှည့်ကွက်တို့ကို အဆုံးစွန်အထိ ကျယ်ကျယ်ပြန့်ပြန့် တွေးမြင်နိုင်သည့် ဉာဏ်ပညာမျိုးရှိရန် လိုအပ်ပေသည်။

## အတွေ့အကြုံဟူသည် အကောင်းဆုံးဆရာ

ဉာဏ်ပညာကို အင်္ဂလိပ်တွင် wisdom ဟုခေါ်သည်။ wisdom ၏ အဓိပ္ပာယ်ကို OALD 10th edition တွင် "the ability to make sensible decisions and give good advice because of the experience and knowledge that you have" ဟု ဖော်ပြထားသည်။ ဉာဏ်ပညာဟူသည် သိမြင်တတ်သောတရား၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို မှန်ကန်စွာ ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်သော အသိဉာဏ်ပင်ဖြစ်သည်။ ယင်းကဲ့သို့သော အသိဉာဏ်ပညာကို နေ့စဉ်တွေ့ကြုံနေကြသော အတွေ့အကြုံများမှလည်းကောင်း၊ ကြိုးစားအားထုတ်ဆည်းပူးထားသော အကြားအမြင်၊ ဗဟုသုတတို့မှလည်းကောင်း ရရှိကြသည်။ "Experience is the best teacher" အတွေ့အကြုံဟူသည် အကောင်းဆုံးဆရာဖြစ်သည်ဟု ဆိုထားသဖြင့် အတွေ့အကြုံများနှင့် ဉာဏ်ပညာတို့ ပေါင်းစပ်၍ လုပ်ဆောင်ပါက အကောင်းတကာ့ အကောင်းဆုံးပင် ဖြစ်သွားပေလိမ့်မည်။

ကျွန်ုပ်တို့ငယ်စဉ်အခါမှစ၍ သင်ယူလေ့လာဆည်းပူးခဲ့သော Formar Education ဖြစ်သည့် မူကြို၊ မူလတန်းတို့မှအစ မဟာတန်းတို့အလယ် ပါရဂူတန်းများအထိ သင်ယူ၊ သင်ကြားမှုများသည် ဉာဏ်ပညာများမဟုတ် ဉာဏ်ပညာတည်းဟူသော အဆီအနှစ်ကို ထုတ်ယူနိုင်သည့် Subject Matter များသာဖြစ်သည်။ Subject Matter ဟူသည် စာအုပ်၊ စာစောင်၊ မိန့်ခွန်း၊ ဟောပြောပွဲစသည်တို့မှ ဒေတာအချက်အလက် စိတ်ကူး၊ အယူအဆတို့ပင် ဖြစ်သည်။ ယင်းဒေတာအချက်အလက် Subject Matter များမှ ဆင့်ပွားကာ ဉာဏ်ပညာတည်းဟူသော အဆင့်သို့ရောက်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့ပြင် အကြောင်းအရာစုံ၊ ကဏ္ဍစုံတို့မှ စာပေတို့ကို နှံ့နှံ့စပ်စပ်ဖတ်ရှုပြီး လက်တွေ့ဘဝ အတွေ့အကြုံများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဆင်ခြင်သုံးသပ်နိုင်ရန်လိုသည်။

ဤကဲ့သို့ အတွေ့အကြုံရော ဉာဏ်ပညာနှင့်ပါ ပြည့်စုံပါမှ မိမိထံသို့ ဝင်ရောက်လာသူ၊ ပေါင်းသင်းလာသူများအား မည်သူကမိတ်ဆွေစစ်၊ မည်သူက မိတ်ဆွေတုဟု ကောင်းစွာခွဲခြားနိုင်မည်ဖြစ်သည်။ အကျိုးလိုလို့ ညောင်ရေလောင်းသူလား၊ မိမိကို အင်အားချည့်နဲ့အောင် ကုန်းချောရန်တိုက်ပေးသူလား၊ မြှောက်ပင့်ခိုင်းစားသူလားဆိုသည်ကို ဂဃနဏ ခွဲခြားနိုင်သူ ဖြစ်ပေမည်။

လူနှင့် တိရစ္ဆာန်ကွာခြားသည်မှာလည်း အဓိကအားဖြင့် အလှအပကို ခံစားတတ်ခြင်း၊ ကိုယ်ကျင့်တရားရှိခြင်းနှင့် ကျိုးကြောင်းဆင်ခြင်နိုင်သော ဉာဏ်ပညာရှိခြင်း ဟူသည့် အချက် (၃) ချက်သာ လူသားတို့သည် တိရစ္ဆာန်တို့ထက် ထူးခြားသာလွန်ကြောင်း ဆရာကြီး ဦးအောင်သင်းက ဆိုသည်။

## ပညာသည်သာ အရာရာဦးဆောင်နိုင်

ကျွန်ုပ်တို့ ဗုဒ္ဓဂေါတမသာသနာတွင်လည်း ပညာအရာ၌ ဧတဒဂ်ရရှိတော်မူသော အဂ္ဂသာဝက အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကိုသာ မြတ်စွာဘုရား၏ လက်ယာရံ အဖြစ် ထားတော်မူသည်မှာ လောကတွင် ပညာသည်သာအခရာ ဖြစ်၍ ပညာသည်သာ အရာရာ ဦးဆောင်နိုင်မှုကို ဖော်ပြလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း တစ်ချိန်က အာရှတွင် ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်၏ ဆောင်ပုဒ်မှာ "နတ္ထိသမံ ဝိဇ္ဇာမိတ္တံ – ပညာနှင့်တူသော မိတ်ဆွေ မရှိ " (There is no Friend like Wisdom) ဖြစ်သည်။ ပညာသည်သာ မိမိတို့၏ အားကိုးရာ ပညာသည်သာမိမိတို့၏ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။

တစ်ခါက အသားမျိုးစုံစားဖူးခဲ့ပြီးဖြစ်သော မြေခွေးတစ်ကောင်သည် အဆွေခင်ပွန်းဖြစ်သည့် ခြင်္သေ့နှင့် ကျားတို့၏အသားကို စားချင်သောကြောင့် ခြင်္သေ့ကိုတစ်လှည့်၊ ကျားကိုတစ်ခါ သုံးကြိမ်သုံးလီ ကုန်းတိုက်ပြောဆို ရန်တိုက်ပေးခဲ့သည်။ ဤသို့ ရန်တိုက်ပေးခြင်းဖြင့် ခြင်္သေ့နှင့် ကျားသည် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု ကင်းမဲ့လာကာ ရန်သတ္တရုပြု၍ ခိုက်ရန်ဖြစ်ပွား သတ်ပုတ်ကြပြီး သေဆုံးလျှင် ခြင်္သေ့နှင့် ကျားတို့၏ အသားကို မြိန်ရေရှက်ရေစားသုံးရန်ဟူသော မကောင်းသည့်ရည်ရွယ်ချက်ဖြင့် ဖြစ်သည်။ သို့သော် မိတ်ဆွေအရင်းအချာ ပီသသော ဉာဏ်ပညာရှိသည့် ခြင်္သေ့နှင့် ကျားတို့က မြေခွေး၏ သုံးကြိမ်သုံးခါ မကောင်းကြောင်း ဆိုလာမှုအပေါ် တစ်ဦးနှင့်တစ်ဦး ဉာဏ်ပညာကိုရှေ့ထား မိတ်ဆွေရင်းစကားဆိုပြီး တိုင်ပင် ဆွေးနွေးမှုကြောင့် မကောင်းကြံအတ္တသမား ကုန်းတိုက်သောမြေခွေးသည်ပင် အဝေးသို့ လွင့်စင်ခဲ့ရသည်။

အဆိုပါ ပုံပြင်တွင် ခြင်္သေ့နှင့် ကျားတို့သည် ဉာဏ်ပညာနှင့် အဆွေခင်ပွန်းစိတ်သာ မရှိခဲ့ပါမူ ကောက်ကျစ်သော မြေခွေးလက်တွင်း သက်ဆင်းသေပွဲဝင်ရမည်သာဖြစ်သည်။ ထို့ကြောင့် အရာရာတွင် ကောက်ကျစ်လာသော၊ လှည့်ဖျားလာသော၊ အကျိုးလို၍ ညောင်ရေလောင်းသော အန္တရာယ်အမျိုးမျိုးတို့ကို ဉာဏ်ဦးစီး၍ လုပ်ကိုင်ဆောင်ရွက်မှသာ ဘဝတွင် အဆင်ပြေ၍ လောကကြီးကို အလှဆင်နိုင်ကြမည်ဖြစ်သည်။

**လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။**
**ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။ ။**

---

# ရေဖြူမြို့နယ်၌ ကျေးရွာချင်းဆက်တံတားနှစ်စင်း တည်ဆောက်ပြီးစီး

နေပြည်တော် ဧပြီ ၂၈

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဖားချောင်းကျေးရွာအုပ်စု ဖားချောင်း-မြန်မာရှင် ထဘီကျေးရွာချင်းဆက်လမ်း ၆/၀ မိုင်ပေါ်တွင် (ဒေသအခေါ်) သုံးမိုင်ချောင်းကူး ပေ ၆၀ သံကူကွန်ကရစ် တံတား တစ်စင်းနှင့် ဒူးတောင်-ဆန်းချီ(အနောက်) - မြန်မာရှင်ထဘီကျေးရွာချင်းဆက်လမ်း ၆/၅ မိုင်ပေါ်တွင် ပေ ၄၀ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စု ရန်ပုံငွေကျပ် ၁၁၈ ဒသမ ၅၂၂ သန်းဖြင့်အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် လမ်းပေါ်တွင် အမှန်တကယ်လိုအပ်သည့် သံကူကွန်ကရစ် တံတား တည်ဆောက်ပေးခဲ့မှုကြောင့် ရေဖြူ မြို့နယ် ဖားချောင်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေ ၄၇၆ အိမ်၊ လူဦးရေ ၂၆၃၁ ဦးအတွက် များစွာအကျိုးပြုသည့် လမ်းပိုင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်တွင် RDT ဖြင့် စစ်ဆေးမည့် အစီအစဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၈**

ပြည်ပမှ လေကြောင်းခရီးစဉ်များဖြင့် ဝင်ရောက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထပ်မံဖြေလျှော့ပေးနိုင်ရေးအတွက် "နိုင်ငံတကာပုံမှန် လေကြောင်းခရီးစဉ်များ ပြေးဆွဲရာတွင် RDT ဖြင့်ပြောင်းလဲစစ်ဆေးဆောင်ရွက်မည့် အစီအစဉ်နှင့် ပတ်သက်သည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး"ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတကာပုံမှန် လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရေးနှင့် မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသားများ နိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာ ပုံမှန်လေကြောင်းခရီးစဉ်များ Commercial flight ကို မေ ၁၇ ရက်၊ (၀၀:၀၀) နာရီမှစ၍ ပြေးဆွဲဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်အထိ ဝင်ရောက်လာသူ ခရီးသည် ၄၄၁၂ ဦးအနက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိရသူ ၁၅ ဦး၊ ပိုးတွေ့ရာခိုင်နှုန်း ၀ ဒသမ ၃၄ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပြီး အဆိုပါကာလအတွင်း ကယ်ဆယ်ရေးလေယာဉ် Relief flight ဖြင့် ဝင်ရောက်လာသူ ခရီးသည် ၉၉၀ အနက် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရသူ ခြောက်ဦး၊ ပိုးတွေ့ရာခိုင်နှုန်း ၀ ဒသမ ၆၁ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု နည်းပါးကြောင်း တွေ့ရသည်။

နိုင်ငံတကာ ပုံမှန်လေကြောင်း ခရီးစဉ်များ Commercial flight များ ပြေးဆွဲခွင့်ပြုရာတွင် တွေ့ရှိရသော အတွေ့အကြုံများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် အခက်အခဲများပေါ် မူတည်၍ လေယာဉ်စီးခရီးသည်များအနေဖြင့် စောင့်ဆိုင်းချိန်နည်းပါးခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည့် COVID19 Antigen Rapid Diagnostic Test (RDT) နည်းဖြင့် ပြောင်းလဲစစ်ဆေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ RDT ဖြင့် ပြောင်းလဲစစ်ဆေး ဆောင်ရွက်မည့် အစီအစဉ် (မူကြမ်း) နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ခရီးသည်ဦးရေနှင့်လျော်ညီမည့် ဝန်ဆောင်မှုများ အချိန်တိုအတွင်း ပေးအပ်နိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ကူးစက်) က နိုင်ငံတကာ ပုံမှန်လေကြောင်းခရီးစဉ်များ ပြေးဆွဲရာတွင် RDT ဖြင့် ပြောင်းလဲစစ်ဆေး ဆောင်ရွက်မည့် အစီအစဉ် (မူကြမ်း) နှင့် နိုင်ငံတကာလေကြောင်း ခရီးစဉ်များ ပြန်လည်ပြေးဆွဲရာတွင် ကြုံတွေ့ရသော အတွေ့အကြုံများနှင့် အခက်အခဲများကိုလည်းကောင်း၊ အစည်းအဝေး တက်ရောက်လာသူများက ပြည်ပနိုင်ငံများမှ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအား ခွင့်ပြုနိုင်သော ဗီဇာအမျိုးအစားများ၊ ခရီးသွားများအနေဖြင့် ကျန်းမာရေးအာမခံ (Health Insurance) လုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စရပ်များ၊ RDT နည်းဖြင့် စစ်ဆေးရာတွင် လေဆိပ်၌ မြန်မာကျပ်ငွေဖြင့် ငွေကြေးကောက်ခံမည့် လုပ်ငန်းစဉ်များ၊ လေယာဉ်ဆိုက်ရောက်ချိန်တွင် နိုင်ငံတကာငွေကြေးမှ မြန်မာကျပ်ငွေသို့ လဲလှယ်မှုလုပ်ငန်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ လေဆိပ်တွင် RDT နည်းဖြင့် စစ်ဆေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေး အဓိကထား ဆောင်ရွက်ရန်နှင့် စောင့်ဆိုင်းချိန် အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့်လုပ်ငန်းများ၊ ကျန်းမာရေးဝန်ထမ်းအင်အား ပိုမိုတိုးမြှင့်ကာ ခာတ်ခွဲနမူနာ ရယူစစ်ဆေးမည့် လုပ်ငန်းများ၊ အရည်အသွေး ပြည့်မီသော RDT test kit များ အသုံးပြု၍ စစ်ဆေးမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများတွင် သတ်မှတ်ထားသော အထောက်အထား၊ စာရွက်စာတမ်းများ အပြည့်အဝပါရှိစေရေးနှင့် မှန်ကန်မှုရှိစေရေးအတွက် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားရမည့် လုပ်ငန်းစဉ်များ၊ ခရီးသည်များအနေဖြင့် လိုအပ်သော သတင်းအချက်အလက်များကို အသိပေးကြေညာရေးနှင့် အထွေထွေညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်များ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် ဝင်ရောက်လာကြမည့် ခရီးသည်များကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ RDT ဖြင့် စစ်ဆေးဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ဝဲပုံ)**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်မှုခံယူ၍ နိုင်ငံတကာ လေကြောင်းခရီးစဉ်များကို ကိုဗစ်-၁၉ ရောဂါ ပြည်ဝင်ခွင့် လိုအပ်ချက်များနှင့်အညီ မေ ၁၇ ရက်မှစတင်၍ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပုံမှန်ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့ရာ ပြန်လည်ရောက်ရှိလာသူများ၌ ရောဂါပိုးတွေ့ရှိမှု နည်းပါးကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လွယ်ကူမြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာစေမည့် RDT နည်းဖြင့် ပြောင်းလဲစစ်ဆေးခြင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အနာဂတ်ပို၍လှပဖို့ အတူတကွရေးဆွဲစို့ ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် တရုတ် - အာဆီယံ လူငယ်ပန်းချီပြပွဲ - ၂၀၂၂ ကျင်းပမည်

**နေပြည်တော် မေ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေးအသင်း (ကွမ်ရှီးနိုင်ငံခြားရေးရုံး) သည် ကွေ့ကျိုးပြည်နယ် ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေးအသင်း၊ တရုတ်-အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်အတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် Online မှတစ်ဆင့် "We together paint a better future" "အနာဂတ်ပို၍လှပဖို့အတူတကွရေးဆွဲစို့" ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် တရုတ်-အာဆီယံလူငယ်ပန်းချီပြပွဲ ၂၀၂၂ အား ကျင်းပသွားမည်ဖြစ်သည်။

တရုတ် - အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ လူငယ်များအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်နိုင်ရန်နှင့် ပြည်သူချင်းချိတ်ဆက်မှုကို တိုးမြှင့်ရန်ရည်ရွယ်၍ ဒုတိယအကြိမ် တရုတ် - အာဆီယံလူငယ်ပန်းချီပြပွဲ ၂၀၂၂ အား အကောင်းမွန်ဆုံးသော ပန်းချီ လက်ရာများဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အသက်သုံးနှစ်မှ ၁၂ နှစ်အတွင်းရှိ ကလေးအုပ်စုနှင့် အသက် ၁၃ နှစ်မှ ၂၂ နှစ် အတွင်းရှိ လူငယ်အုပ်စုဟူ၍ အုပ်စု (၂) စုခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Ms. Zhao, Tel:5645989, 15878805008, Fax:5626203 သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး ပြိုင်ပွဲဝင် အီး - ပန်းချီကားများကို scan ဖတ်၍ ၂၀၂၂ ခုနှစ် မေ ၁ ရက် နောက်ဆုံးထားကာ gxpaffc@wsb.gxzf.gov.cn မှတစ်ဆင့် ပေးပို့ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းလိုပါက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၃၉၄၇၊ ၀၉-၇၇၇၃၃၃၅၄၅၊ ၀၉-၄၂၅၃၂၅၁၃၃ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ စာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံ ပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြေဩဇာများကို တရုတ်နိုင်ငံမှ G to G စနစ် ဝယ်ယူတင်သွင်းခွင့်ရရှိရေး သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆောင်ရွက်ထားပြီးဖြစ်

**နေပြည်တော် မေ ၂၈**

တောင်သူလယ်သမားများ၏ မိုးစပါးရာသီအမီ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်နေသော အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီပြီး ဈေးနှုန်းသင့်တင့်သည့် ယူရီးယားမြေဩဇာများ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ မျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ခုနှစ် မေ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဦးဆောင်ကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ ဦးဆောင်ကော်မတီအနေဖြင့် ယူရီးယားအပါအဝင် လိုအပ်သည့် မြေဩဇာများကို တရုတ်နိုင်ငံမှ G to G စနစ် ဝယ်ယူတင်သွင်းခွင့်ရရှိရေး နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ ပြည်ပဈေးကွက်မှာ တည်ငြိမ်နေသည်ဟု ယူဆနိုင်ပါကြောင်း၊ နိုင်ငံခြားငွေကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ခုနှစ် မေ ၃ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံဘက်မှ ခွင့်ပြုချက်မရမီ အချိန်အတွင်း Consortium အဖွဲ့အနေဖြင့် အခြားနိုင်ငံများမှ တင်သွင်းပေးနိုင်မည့် မြေဩဇာများရှိပါက ရရှိနိုင်မည့်တန်ချိန်နှင့် မိုးစပါးအမီ ဝယ်ယူတင်သွင်းနိုင်ရေးနှင့် မတင်သွင်းမီ ကြိုတင်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးပေးစေလိုပါကြောင်း၊ ယူရီးယားမြေဩဇာများ အချိန်မီ ဖြန့်ဖြူးနိုင်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ Consortium အဖွဲ့ ကိုယ်စားလှယ်တစ်ဦးက အခြားနိုင်ငံများမှ တင်သွင်းပေးနိုင်မည့် မြေဩဇာများ၏ ဈေးနှုန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက တင်သွင်းဖြန့်ဖြူးရောင်းချပေးမည့် မြေဩဇာများကို တိုင်းဒေသကြီး၊ ပြည်နယ်များမှ အသုံးပြုသွားမည့် အစီအစဉ်များကိုလည်းကောင်း၊ တက်ရောက်လာကြသော ဦးဆောင်ကော်မတီ၊ အဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဦးဆောင်ကော်မတီ၏ ဦးတည်ချက်မှာ ဓာတ်မြေဩဇာများ တောင်သူများလက်ဝယ် လက်ရှိဈေးကွက်တွင် ဖြစ်ပေါ်နေသည့် ဈေးနှုန်းထက် သက်သာအောင် ရရှိရေးဆောင်ရွက်ပေးရန်နှင့် တောင်သူများလက်ဝယ် စိုက်ပျိုးရာသီအချိန်မီ တင်သွင်းဖြန့်ဖြူးနိုင်ရေး၊ ဝန်ကြီးဌာနများအကြား လုပ်ငန်းများဆောင်ရွက်ကြရာတွင် လွယ်ကူမြန်ဆန်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# တရုတ်နိုင်ငံ(ယူနန်ပြည်နယ်)နှင့် မြန်မာနိုင်ငံအကြား နယ်စပ်ဂိတ်ကုန်စည်စီးဆင်းမှုဆိုင်ရာ အွန်လိုင်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၈**

မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ပူးတွဲကြိုတင် ကာကွယ် ထိန်းချုပ်ရေးကို ထိရောက်စွာတွန်းအားပေးနိုင်ရေး၊ နှစ်နိုင်ငံ ပြည်ဝင်/ထွက်ဂိတ် နယ်စပ်ကုန်သွယ်မှု ချောမွေ့စေရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို တည်ငြိမ်စွာ တွန်းအားပေးနိုင်ရေး ရည်ရွယ်၍ တရုတ်နိုင်ငံ (ယူနန်ပြည်နယ်)နှင့် မြန်မာနိုင်ငံအကြား နယ်စပ်ဂိတ် ကုန်စည်စီးဆင်းမှုဆိုင်ရာ အွန်လိုင်းညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် Ms.Yang Mu၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး (မန္တလေး)နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး(ကူမင်းမြို့) တို့မှ ကောင်စစ်ဝန်ချုပ်များက အဖွင့်အမှာစကားများ ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံဘက်မှ ရာသီပေါ် သရက်သီးအပါအဝင် ပုပ်သိုးကုန်သစ်သီးဝလံများအား တရုတ်နိုင်ငံဘက်သို့ လျင်မြန်စွာ တင်ပို့နိုင်ရေးကိစ္စ၊ နယ်စပ်တွင် တရုတ်ခေါက်တိုယာဉ်များ ဈေးနှုန်းကြီးမြင့်မှု လျှော့ချရေးကိစ္စ၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကုန်သွယ်မှုပြုရာတွင် ကုန်တင်ယာဉ်များ အဆင်ပြေချောမွေ့စွာဝင်ရောက်နိုင်ရေးကိစ္စ၊ BP–125 နယ်စပ်ဂိတ် ယာယီဂိတ်ဖွင့်လှစ်နိုင်ရေး၊ အဆိုပါဂိတ်မှ မြန်မာ့ပို့ကုန်ကြံများကို တင်ပို့နိုင်ရေးကိစ္စ၊ နှစ်နိုင်ငံကုန်သွယ်မှုမူဝါဒ အပြောင်းအလဲများအား Contact Person မှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ရေးကိစ္စ၊ အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ SPS လုပ်ငန်းစဉ်များတွင် GACC နှင့် ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များအား နှစ်ဖက် တက်ရောက်လာကြသူများက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ယူနန်ပြည်နယ်ရှိ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘက်မှ ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် တရုတ်နိုင်ငံ(ယူနန်ပြည်နယ်)နှင့် မြန်မာနိုင်ငံအကြား နယ်စပ်ဂိတ်ကုန်စည်စီးဆင်းမှုဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲသည် နှစ်နိုင်ငံအကြား ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေးအတွက် ရှေးရှုပြီး ကဏ္ဍအလိုက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် မျှတသော ကုန်သွယ်မှုကိုဖြစ်ပေါ်စေကာ နှစ်နိုင်ငံအကြား ရေရှည်ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံရေးကို ဖော်ဆောင်ပေးနိုင်ရေးဆွေးနွေးနိုင်ခဲ့သော အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီ အခြေခံပန်းချီပညာသင်တန်း စတင်ဖွင့်လှစ်

**ညောင်ရွှေ မေ ၂၈**

အခြေခံပညာကျောင်းသား ကျောင်းသူလေးများ အနုပညာကို စိတ်ပါဝင်စားမှုရှိလာစေရန်၊ ပန်းချီပညာကို လေ့လာသင်ယူတတ်မြောက်စေရန်၊ စိတ်ကူးစိတ်သန်းနှင့် တီထွင်ဖန်တီးမှု၊ တွေးခေါ်မြော်မြင်မှု ရင့်သန်တိုးတက် လာစေရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် နွေရာသီ အခြေခံပန်းချီပညာသင်တန်းကို မေ ၂၇ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ မေ ၂၇ ရက်မှ မေ ၁၁ ရက်အထိ ပန်းချီအနုပညာရှင် ဆရာကြီးများမှ ပန်းချီပညာအခြေခံများကို အနီးကပ် သင်ကြားပို့ချပေးလျက်ရှိကြောင်းနှင့် သင်တန်းသို့ အခြေခံပညာကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



# (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး



**နေပြည်တော် ဧပြီ ၂၈**

(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပိတ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာခန်းမအပြင်ဘက်တွင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၁၄၀၁ မှ ၂၀၀၀ အထိ ကျောက်စိမ်းအတွဲပေါင်း ၆၀၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၅၅ တွဲကို ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၀ ကို ဧပြီ ၂၃ ရက်မှ ၂၄ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၃၀ ကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို ဧပြီ ၂၅ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၅၄ တွဲကို လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၀၀၀ ကို ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၃၃၅ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ထို့အပြင် ယခုကျင်းပပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေနိုင်ရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ဒုတိယအဆင့်သို့ တက်ရောက်



အာရှချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် သက်ထားသူဇာကို တွေ့ရစဉ်။

**ရန်ကုန် ဧပြီ ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ၂၀၂၂ အာရှချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ပထမအဆင့် ပွဲစဉ်တွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာမှ နာမည်ကြီးဂျပန် ကြက်တောင်မယ် Nozomi Okuhara အိုခူဟာရအား အနိုင်ရရှိခဲ့ပြီး ဒုတိယအဆင့်သို့ တက်ရောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် သက်ထားသူဇာအနေဖြင့် ပထမပွဲငယ်တွင် ၂၁-၁၈ ဖြင့် အနိုင်ယူခဲ့ပြီး ဒုတိယပွဲငယ်တွင် Nozomi Okuhara အနေဖြင့် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ပြီးနောက် သက်ထားသူဇာမှ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာကြက်တောင်မယ် သက်ထားသူဇာ အနေဖြင့် ဒုတိယအဆင့်ပွဲစဉ်အဖြစ် ဧပြီ ၂၈ ရက်တွင် တရုတ်တိုင်ပေ ကြက်တောင်အားကစားမယ် Hsu Wen-chi နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဧပြီ ၂၆ ရက်က ကြက်တောင်ကစားသမား ဘုန်းပြည့်နိုင်က မော်လ်ဒိုက် ကစားသမား Shaheed ကို ယှဉ်ပြိုင်ကစားခဲ့ရာ ၂၁-၁၃ ၊ ၂၁-၈ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပတ်လည်ပွဲစဉ်တွင် တရုတ်ကစားသမား Weng Hong Yang ကို ယှဉ်ပြိုင်ကစားခဲ့ရာ ၂၁-၁၀ ၊ ၂၁-၇ ဖြင့် နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## ယူအေအီးခရီးစဉ် တတိယမြောက်ခြေစမ်းပွဲတွင် မြန်မာအသင်း သရေကျ

**ရန်ကုန် ဧပြီ ၂၈**

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ယူအေအီးနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာယူ-၂၂ အသင်းသည် တတိယမြောက် ခြေစမ်းပွဲအဖြစ် ဧပြီ ၂၇ ရက်က ယူအေအီးကလပ် Fursan Hispania အသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာယူ-၂၂ အသင်းအတွက် ဂိုးကို တိုက်စစ်မှူး သန်းပိုင်က သွင်းယူပေးခဲ့သည်။ သန်းပိုင်သည် ခြေစမ်းပွဲနှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ခြေစမ်းပွဲ သုံးပွဲကစားထားရာ တစ်ပွဲနိုင်၊ နှစ်ပွဲ သရေကျထားသည်။ မြန်မာအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဧပြီ ၂၉ ရက်တွင် ယူအေအီးကလပ် FC Ajman အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**

## မိုးညှင်း၊ ဗန်းမော်နှင့် မြိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဉာဏ်ဝင်း မောင်းနှင်လာသည့် Canter အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ AMMONIUM NITRATE ၃၂၀၀ ကီလိုကိုလည်းကောင်း။

ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့နယ် မံရွှတ်ကျေးရွာအုပ်စု မံရွှတ်ကျေးရွာအနီး ဗန်းမော်-မံစီသွားကားလမ်းတွင် မသင်းသင်းလှဲ့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်ကျေးရွာတွင် တင့်ဆွေ(ခ) ဘိုဘိုကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် (၂/က)ရပ်ကွက် နေသူများဖြစ်သည့် ကြည်ဝင်း (၆၁) နှစ်နှင့် မြင့်ကျော် (၅၃)နှစ်တို့သည် ၎င်းတို့အသုံးပြုသည့် “Kyi Win” Facebook အကောင့်နှင့် “Myint Kyaw” Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် နေသူများဖြစ်သည့် ဉာဏ်စိန်(ခ) ဉာဏ်ထွန်း (၄၃) နှစ်နှင့် အိဖြူမြင့်(ခ) သဲသဲ (၂၁) နှစ်တို့သည် ၎င်းတို့အသုံးပြုသည့် “Nyan Htun” Facebook အကောင့်နှင့် “သဲသဲ” Facebook အကောင့်၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်နေ ခိုင်သဥ္ဇာအေး (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “Khaing Thin Zar Aye” Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ မဥ္ဇူဝင်း(ခ) ခိုင်ဇာသင်း (၃၆)နှစ်သည် ၎င်းအသုံးပြုသည့် “Khaing Zar Thin” Facebook အကောင့်၊ သာကေတမြို့နယ် (၈)ရပ်ကွက်နေ ကျော်ဝဏ္ဏ(ခ) ကောင်းကျော်(လူရွှင်တော်) (၅၁)နှစ်သည် ၎င်းအသုံးပြုသည့် “ကောင်းကျော်” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နမ့်ဆောင်ဟူးကျေးရွာနေ သက်မာလှိုင်(ခ) အိတုံ (၃၄)နှစ်သည် ၎င်းအသုံးပြုသည့် “အိတုံ” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျုံးတုံးကျေးရွာနေ အေးသောင်း (၅၉)နှစ်သည် ၎င်းအသုံးပြုသည့် “Aye Thaung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယူကရိန်းသို့ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်ခိုက်မှုများ အဆုံးသတ်ရန် တိုက်တွန်း

ကီယက်ဗ် ဧပြီ ၂၈

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဧပြီ ၂၇ ရက်က ယူကရိန်းသို့ရောက်ရှိလာခဲ့ကြောင်း ပြောကြားလိုက်သည်။

မော်စကိုသို့သွားရောက်ပြီးနောက် ယူကရိန်းသို့ရောက်ရှိလာခဲ့ကြောင်း ဂူတာရက်စ်က ပြောသည်။

ကုလသမဂ္ဂသည် လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ပဋိပက္ခဇုန်အတွင်း ကျရောက်နေသော အရပ်သားများကို ကယ်တင်ရန် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။

ထို့အပြင် သူက တိုက်ခိုက်မှုများကို အဆုံးသတ်ရန်လည်း တိုက်တွန်းလိုက်သည်။

ယူကရိန်း၊ ရုရှားနှင့် ကမ္ဘာကြီးအတွက် မကြာမီအချိန်အတွင်း ယခုစစ်ပွဲ အဆုံးသတ်သွားမည်ဖြစ်ကြောင်းနှင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားလိုက်သည်။

ဧပြီ ၂၆ ရက်က ဂူတာရက်စ်သည် မော်စကိုသို့သွားရောက်ခဲ့ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံခဲ့သည်။

ဆင်ဟွာ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ပိုလန်မှ ယူကရိန်းနယ်စပ်ကို ဧပြီ ၂၇ ရက်က ဖြတ်ကျော်လာစဉ်။

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၇၄၆၄ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဧပြီ ၂၈

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ဧပြီ ၂၇ ရက်သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၇၄၆၄ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း အရေအတွက်မှာ ၁၇၁၄၄၀၆၅ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်ရက်က ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၇၆၇၈၇ ဦးရှိပြီး ပြီးခဲ့သည့် ရက်သတ္တပတ်က ၉၀၈၅၂ ဦးရှိရာမှ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ လျော့နည်းသွားကြောင်း ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီ (KDCA) ၏ ဖော်ပြချက်အရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ မတ်လလယ်က ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲအိုမီခရွန် ကူးစက်မှုအမြင့်ဆုံး ဖြစ်ပွားခဲ့ပြီးနောက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမှာ လျော့နည်းကျဆင်းလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ယုံကြည်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ၂၁ ဦးမှာ ပြည်ပပြန်ကူးစက်ခံရသူများဖြစ်သဖြင့် ပြည်ပပြန်ကူးစက်ခံရသူ စုစုပေါင်းမှာ ၃၁၈၉၈ ဦးရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ၅၅၂ ဦးမှာ ရောဂါပြင်းထန်သောအခြေအနေတွင်ရှိသဖြင့် ပြီးခဲ့သည့်ရက်ကထက် ခြောက်ဦးတိုးလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၂၂ ဦးရှိပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်းမှာ ၂၂၅၈၈ ဦး ရှိလာသည်။ သေဆုံးသူ ပမာဏမှာ နိုင်ငံလူဦးရေ၏ ၀ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူအရေအတွက်မှာ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အပိုဆောင်းကာကွယ်ဆေးထိုးနှံပြီးသူ အရေအတွက်မှာ ၆၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆင်ဟွာ




တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်ယူနေစဉ်။

# သက်တမ်းကုန် ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်သိန်း စွန့်ပစ်ရမည်

တိုကျို ဧပြီ ၂၈

ဂျပန်နိုင်ငံ၌ မြို့နယ်ငါးမြို့နယ်၌ သက်တမ်းကုန်ဆုံးတော့မည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်သိန်း စွန့်ပစ်ရမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေထံမှ သိရသည်။

ဂျပန်နိုင်ငံ၏ အကြီးဆုံးမြို့ကြီး ၂၀ နှင့် တိုကျိုမြို့အတွင်းရှိသည့် ရပ်ကွက် ၂၃ ရပ်ကွက်တို့၌ ကာကွယ်ဆေးအသုံးပြုမှုအစီအစဉ်များနှင့်ပတ်သက်ပြီး အင်န်အိတ်ချ်ကေက စစ်တမ်းကောက်ယူခဲ့သည်။

ဂျပန်နိုင်ငံ မြို့နယ်ငါးမြို့နယ်၌ ဧပြီလတွင် သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သော မော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၀၂၂၉၀ ကို စွန့်ပစ်ရန် မျှော်လင့်ထားကြောင်း စစ်တမ်းအရ သိရသည်။

အိုဆာကာမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၈၀၀၀၀ ခန့်နှင့် တိုကျိုမြို့ နာကာနိုရပ်ကွက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၃၉၃၅ လုံး စွန့်ပစ်ရမည်ဖြစ်ကြောင်း အိုဆာကာမြို့က ပြောကြားသည်။

မီဂူရိုမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၆၀၀၀ ခန့်၊ ဘန်ကျိုမြို့နယ်တွင်ကာကွယ်ဆေး ၁၅၇၅ လုံးနှင့် ဆူဂီနာမီမြို့နယ်တွင် ကာကွယ်ဆေးအလုံးရေ ၇၈၀ စွန့်ပစ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကိုးလမှ တစ်နှစ်အထိ သက်တမ်းတိုးရန် ကျန်းမာရေးဝန်ကြီးဌာနက မြို့နယ်များကို ဧပြီ ၂၂ ရက်က အသိပေးခဲ့သည်။ ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်ဆေးစျေးနှုန်းများကို ထုတ်ဖော်မပြောခဲ့ကြောင်း၊ ထို့ကြောင့် စွန့်ပစ်ရမည့် ကာကွယ်ဆေး၏ စုစုပေါင်းတန်ဖိုးကို မသိရကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဗိလစ်ပိုင်အလယ်ပိုင်း၌ တံတားကျိုးကျမှုဖြစ်ပွား ဩစတြေးလျားခရီးသွားတစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး သေဆုံး

မနီလာ ဧပြီ ၂၈

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဘိုဟိုးပြည်နယ်တွင် ဧပြီ ၂၇ ရက် နေ့လယ်ပိုင်းက ဆယ်စုနှစ်များစွာသက်တမ်းရှိသည့် တံတားတစ်စင်းကျိုးကျမှုဖြစ်ပွားရာ ဩစတြေးလျားခရီးသွားတစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး သေဆုံးခဲ့ကြောင်း ဒေသခံရဲဝန်ထမ်းတစ်ဦးက ဧပြီ ၂၈ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ (အောက်ပုံ)

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း၌ ဧပြီ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်တွင် တံတားကျိုးကျမှုဖြစ်ပေါ်သဖြင့် မြစ်အတွင်း ထိုးကျသွားသော ကား ၁၂ စီးပေါ်ပါ ခရီးသွားများအနက် အသက် ၃၀ အရွယ် ဩစတြေးလျားအမျိုးသားတစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။

တံတားကျိုးကျမှုဖြစ်ပွားရာတွင် ဩစတြေးလျားခရီးသွား၏ ဇနီး ဖိလစ်ပိုင်ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအပါအဝင် ၂၀ ကျော်မှာ လွတ်မြောက်သွားခဲ့ကြောင်း၊ ၎င်းတို့ဇနီးမောင်နှံနှစ်ဦးမှာ ပျားရည်ဆမ်းခရီးထွက်ရန် အဆိုပါမြို့တွင် ရှိနေခဲ့ကြောင်း သိရသည်။

အဆိုပါတံတားမှာ လိုယေမြို့၌ တည်ရှိပြီး ၁၉၇၀ ပြည့်နှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်က အင်အား ၇ ဒသမ ၂ အဆင့်ရှိသည့် ငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် တံတားအစိတ်အပိုင်းတစ်ခု ပျက်စီးခဲ့ကြောင်း၊ ယင်းနောက် အဆိုပါတံတားကိုပြုပြင်ခဲ့ပြီး ယာဉ်များကို ဖြတ်သန်းသွားလာခွင့်ပေးခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားခဲ့သည်။

ဘိုဟိုးအုပ်ချုပ်ရေးမှူး အာသာရက်က တံတားပေါ်တွင် သတ်မှတ်ထားသော ပမာဏထက်များပြားသည့် ဝန်ပိုတင်ဆောင်သည့်အတွက် တံတားကျိုးကျခြင်းဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာတစ်ခုတွင် ပြောကြားခဲ့သည်။

ဆင်ဟွာ



# ကီယက်ဗ်ကို နောက်ထပ်ကူညီထောက်ပံ့မှုများလုပ်ဆောင်ရန် ယူကရိန်းနှင့် ဥရောပကော်မရှင်ခေါင်းဆောင်များ ဆွေးနွေး

ကီယက်ဗ် ဧပြီ ၂၈

ကီယက်ဗ်ကို ကြီးမားသည့် ငွေကြေးဆိုင်ရာအကူအညီများအပါအဝင် နောက်ထပ်ထောက်ပံ့မှုများလုပ်ဆောင်ရန် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့် ဆွေးနွေးခဲ့ကြောင်း ဧပြီ ၂၆ ရက်က ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီက ပြောကြားခဲ့သည်။

ယူကရိန်းခေါင်းဆောင်က ယူကရိန်းကုန်ထုတ်ပစ္စည်းများနှင့် အစားအသောက်များအပေါ် ကောက်ခံသော အခွန်အကောက်များနှင့် ဝေစုခွဲတမ်းများကို ဖျက်သိမ်းပေးရန် ဆုံးဖြတ်လိုက်သည့်အတွက် ဥရောပကော်မရှင်ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုက်သည်။

အစေ့ပိုင်းရက်က ဥရောပကော်မရှင်သည် ယူကရိန်းကုန်ပစ္စည်းများအပေါ် တစ်နှစ်ကြာ အခွန်အကောက်များကို ရုပ်သိမ်းပေးရန် အသင့်ဖြစ်နေသည့်အတွက် ယူကရိန်းဝန်ကြီးချုပ် ဒန်နီရှာမီဟယ်က ကျေးဇူးတင်ကြောင်း ပြောကြားလိုက်သည်။

ဆင်ဟွာ

# မေ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၁ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်းရှိ

(၂၈-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၁၀၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၃၅,၈၂၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၈၄၃) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၇၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၈-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၅၁) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၀) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၄) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၄၈) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၂၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၄၃၀) ခု | (၂၇) ဦး |
| စုစုပေါင်း | (၁၁,၁၀၅) ခု | (၄၁) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းဧစ္စ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၈-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၈၈၈၂၄၇ | ၈၀၅၈၅၉၁၉ | ၁၀၁၉၇၇၄ |
| ၂။ | အိန္ဒိယ | ၄၃၀၆၈၇၉၉ | ၄၂၅၂၈၁၂၆ | ၅၂၃၆၉၃ |
| ၃။ | ဘရာဇီး | ၃၀၃၉၉၀၀၄ | ၂၉၄၈၀၉၉၈ | ၆၆၃၁၆၅ |
| ၄။ | ပြင်သစ် | ၂၈၄၈၃၁၂၄ | ၂၆၄၀၃၆၈၄ | ၁၄၅၅၇၉ |
| ၅။ | ဂျာမနီ | ၂၄၄၈၈၂၄၂ | ၂၂၀၈၈၃၀၀ | ၁၃၅၃၆၉ |
| ၆။ | ဗြိတိန် | ၂၂၀၁၁၉၂၀ | ၂၁၀၈၃၃၉၈ | ၁၇၄၄၄၈ |
| ၇။ | ရုရှား | ၁၈၁၆၇၂၈၁ | ၁၇၅၁၇၉၂၂ | ၃၇၅၅၆၆ |
| ၈။ | တောင်ကိုရီးယား | ၁၇၁၄၄၀၆၅ | စိစစ်ဆဲ | ၂၂၅၈၈ |
| ၉။ | အီတလီ | ၁၆၂၇၉၇၅၄ | ၁၄၈၈၁၉၆၅ | ၁၆၃၁၁၃ |
| ၁၀။ | တူရကီ | ၁၅၀၂၆၁၄၁ | ၁၄၉၁၆၇၈၂ | ၉၈၇၃၆ |

## ၂၈-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၃၈၆၃၂ | ၉၂၄၂၃၀၃ | ၄၃၀၃၇ |
| အင်ဒိုနီးရှား | ၆၀၄၆၀၇၂ | ၅၈၈၁၄၉၀ | ၁၅၆၂၁၇ |
| မလေးရှား | ၄၄၄၀၃၈၃ | ၄၃၄၆၄၂၁ | ၃၅၅၂၆ |
| ထိုင်း | ၄၂၂၄၀၀၈ | ၄၀၃၆၉၆၉ | ၂၈၂၇၄ |
| ဖိလစ်ပိုင် | ၃၆၈၅၂၂၂ | ၃၆၁၅၃၇၀ | ၆၀၂၆၇ |
| စင်ကာပူ | ၁၁၉၀၅၆၀ | ၁၁၂၀၀၅၉ | ၁၃၃၄ |
| မြန်မာ | ၆၁၂၈၄၃ | ၅၉၁၇၅၄ | ၁၉၄၃၄ |
| လာအို | ၂၀၆၈၈၁ | ၂၀၄၉၄၇ | ၇၄၀ |
| ဘရူနိုင်း | ၁၄၁၆၂၉ | ၁၄၀၅၇၅ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၄၀ | ၁၃၃၀၂၃ | ၃၀၅၆ |



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ၂၇-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို တက်ရောက်လာသည့် သတင်းမီဒီယာများက သတင်းမှတ်တမ်းရယူစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။**

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယနေ့ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲကို ယခင်သတင်းစာရှင်းလင်းပွဲများနှင့်မတူဘဲ အပြောင်းအလဲဖြင့် စတင်လိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် မီဒီယာများကို တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အလေးထားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်စဉ်ကတည်းက တပ်မတော်နှင့် မီဒီယာများအကြား ဆက်သွယ်ဆက်ဆံမှုကို ဆောင်ရွက်စေခဲ့ပါကြောင်း၊ ထိုအချိန်ကတည်းက မိမိတို့အနေဖြင့် မီဒီယာများက မေးမြန်းသည့် မေးခွန်းများကို ဖြေခဲ့ရသည်မှာ အချိန်ကာလအားဖြင့်၊ အရေအတွက်ပမာဏအားဖြင့် များခဲ့ပြီဖြစ်ကြောင်း။

တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ကိုဖွဲ့စည်းပြီး သတင်းမီဒီယာကောင်စီနှင့် စတင်ဆက်သွယ်ဆက်စပ်မှုပြုလုပ်ခဲ့ပါကြောင်း၊ တပ်မတော်နှင့် သတင်းမီဒီယာများအကြား သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများဖြင့် စတင်ခဲ့ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲများကို သတင်းမှန်ပြန်ကြားရေးကော်မတီဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်စိုးနိုင်ဦး ဦးစီးပြီးပြုလုပ်ခဲ့ပါကြောင်း၊ ထိုအချိန်က မိမိသည် ဒုတိယဗိုလ်မှူးကြီးအဆင့်သာ ရှိကြောင်း။

အလုပ်ရုံဆွေးနွေးပွဲများတွင် မီဒီယာများကိုပါ ဖိတ်ခေါ်ပြီးသိလိုသည်များ၊ မေးမြန်းသည်များ၊ ရှင်းပြခြင်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ တိတိကျကျအချိန်ဖြင့် ပြောရမည်ဆိုပါက ပထမဆုံးအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ခဲ့ပါကြောင်း၊ ၆ ကြိမ်ပြုလုပ်ခဲ့ပါကြောင်း၊ ရန်ကုန်တွင်ပြုလုပ်ခဲ့ပါကြောင်း၊ အချို့သတင်းမီဒီယာများအနေဖြင့် ထိုပွဲများကို တက်ဖြစ်ခဲ့မည်ဖြစ်ပါကြောင်း၊ ထို့နောက် တပ်မတော် သတင်းစာရှင်းလင်းပွဲများကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်တွင် စပြီးပြုလုပ်ခဲ့ပါကြောင်း။

### သတင်းစာရှင်းလင်းပွဲပေါင်း ၃၈ ကြိမ်ရှိခဲ့

တပ်မတော်က နိုင်ငံတော်တာဝန်ယူပြီးနောက် ပထမဆုံးသတင်းစာရှင်းလင်းပွဲကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး ရေတွက်မည်ဆိုပါက ၇ နှစ်ကျော်ကာလရှိပြီ ဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ပေါင်း ၆ ကြိမ်၊ သတင်းစာရှင်းလင်းပွဲပေါင်း ၃၈ ကြိမ်ရှိခဲ့ပါကြောင်း၊ ထိုကြားကာလများတွင် မီဒီယာများမေးမြန်းမှုနှင့် မိမိတို့ဖြေကြားမှု မည်မျှရှိမည်ကိုတွက်ဆ၍ ရမည်ဖြစ်ပါကြောင်း၊ ယနေ့တွင် မီဒီယာများ၊ မီဒီယာများဟုပြောရာတွင် ယနေ့ပွဲကိုတက်ရောက်လာသည့် မီဒီယာများကိုသာရည်ညွှန်းခြင်း မဟုတ်ပါကြောင်း၊ မီဒီယာအားလုံးကို ရည်ညွှန်းခြင်းဖြစ်ပါကြောင်း၊ မိမိကစပြီးမေးခွန်းအနည်းငယ် မေးခွင့်ပြုပါဟု တောင်းဆိုလိုပါကြောင်း၊ ထိုမေးခွန်းများကို ချက်ချင်းဖြေနိုင်ပါကဖြေနိုင်ကြောင်း၊ မဖြေနိုင်ပါက အချိန်ယူပြီးဖြေဆိုလိုပါက ဖြေနိုင်ပါကြောင်း။

ပထမဆုံးမေးခွန်းအနေဖြင့် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများရှိခဲ့ပါကြောင်း၊ ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဖြေရှင်းပေးရန် ကြေညာချက် ၆ ခုကို လူသိရှင်ကြားထုတ်ပြန်ခဲ့ပါကြောင်း၊ ပထမဆုံးထုတ်ပြန်ခဲ့သည့် ကြေညာချက်အနေဖြင့် ရွေးကောက်ပွဲနှင့် ဆက်လက် UEC အဖွဲ့နှင့်ပတ်သက်သော သဘောထား ကြေညာချက်ဟု ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ မီဒီယာများရှေ့တွင် သက်သေအထောက်အထားစုံစုံလင်လင်ဖြင့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ နောက်ပိုင်း ပြန်လည်ဖွဲ့စည်းခဲ့သည့် UEC အသစ်ကလည်းတွေ့ရှိချက်များကို သံတမန်များ၊ မီဒီယာများကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိမေးလိုသည့် မေးခွန်းအနေဖြင့် **"ထိုအချိန်က မဲမသမာမှုများကို ဖြေရှင်းပေးရန်အတွက် တပ်မတော်နှင့် နိုင်ငံရေးပါတီ အချို့က တောင်းဆိုခဲ့သည်ကို ဘာကြောင့်မရှင်းတာလဲ။ ရှင်းဖို့မလိုဘူးဆိုရင် ဘာကြောင့် ရှင်းဖို့မလိုတာလဲ။ ဒါဆို မဲမသမာမှုမရှိဘူးဆိုတာ ဘာကြောင့်သက်သေမပြတာလဲဆိုတဲ့ မေးခွန်းကို မီဒီယာအများစုက သက်ဆိုင်သူတွေကို ဘာကြောင့်မမေးခဲ့တာလဲ။ ဟုတ်ပြီ။ ဒါဆိုဒီနေ့ ကျွန်တော်မေးပြီ။ မဲမသမာမှုတွေလုပ်ပြီး ထွက်ပြေးနေကြတဲ့သူတွေ၊ ထွက်ပြေးပြီး ရောက်တဲ့နေရာကနေ လူငယ်တွေ၊ ပြည်သူတွေကို မြှောက်ပင့်ပြီး ပဋိပက္ခဖြစ်အောင် လုပ်နေတဲ့သူတွေကို ဒီမေးခွန်းကို ဒီနေ့ တက်ရောက်လာသည့် မီဒီယာများသာမဟုတ်ဘဲ ဒါနဲ့ပတ်သက်ပြီး အထူးပြုပြီးရေးသားနေသည့် မီဒီယာများမေးပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ မှန်ရင်၊ သတ္တိရှိရင် မဲမသမာမှု မရှိပါဘူးဆိုတာ သက်သေနဲ့အခိုင်အလုံပြပေးပါ"** ဟု မိမိပြောလိုပါကြောင်း။

### အကြမ်းဖက်အဖွဲ့သည် ပြည်သူ့အတွက် လုပ်နေပါသလား

နောက်မေးခွန်းတစ်ခုအနေဖြင့် NUG ဆိုတဲ့အကြမ်းဖက်အဖွဲ့သည် ငွေတိုက် စာချုပ်ဆိုသည်များ၊ ဘွန်းဆိုသည်များရောင်းပါကြောင်း၊ Ticket ဆိုသည်များလည်း ရောင်းပါကြောင်း၊ ဘာပရောဂျက်၊ ညာပရောဂျက်ဆိုပြီးလည်း အလှူခံပါကြောင်း၊ ဟိုအထိမ်းအမှတ်၊ ဒီအထိမ်းအမှတ်ဆိုပြီး ရောင်းသည်ရောင်း၊ အလှူခံသည်ခံလုပ်ပါကြောင်း၊ သက်သေအထောက်အထားများရှိကြောင်း၊ ဒလက်များ၏ သတင်းများတွင် ဝေဝေဆာဆာဖြင့် ဖော်ပြနေသည်လည်း မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ ဘယ်ပွဲတွင် ဘယ်လောက်ရောင်းရသည်၊ အလှူငွေဘယ်လောက်ရသည်ဆိုသည်များလည်း မြင်ရမည်ဖြစ်ကြောင်း၊ အချို့မီဒီယာများ၏ဖော်ပြနေသည့် သူတို့အရေး၊ သူတို့အပြောအရ ငွေပမာဏသည် မနည်းသည်ကိုလည်း မိမိတို့သိရပါကြောင်း၊ ထိုကိစ္စများအပြင် အခြားပြည်ပနိုင်ငံက ထောက်ပံ့သည်ဆိုသည့် ပမာဏပါထည့်ပေါင်းလျှင် အတော်လေးများသည့် ပမာဏဆိုသည်ကို သတိပြုမိမည်ဟု ထင်ပါကြောင်း၊ ဘယ်လောက်ရသလဲ၊ ဘယ်နေရာတွင် သုံးနေသလဲ၊ မီဒီယာများ မေးဖူးပါသလား၊ ဒလက်များက မေးဖူးပါသလား၊ ထွက်လာသည့်အဖြေသည် ပြည်သူကိုရှေးရှုသလား၊ မျက်နှာမူသလား၊ အကြမ်းဖက်အဖွဲ့သည် ပြည်သူ့အတွက် လုပ်နေပါသလား ဆိုသည့် အဖြေပဲ ဖြစ်ပါကြောင်း။

မေးခွန်းတစ်ခုထုတ်လိုပါကြောင်း၊ နာမည်ကြီး စစ်ကိုင်းတိုင်းအတွင်းက ဖြစ်စဉ်တစ်ခုဖြစ်ပါကြောင်း၊ ဖြစ်စဉ်ဆိုရာတွင် သာမန်အဆင့်ထက် အများကြီးပိုသည့် လူအမြောက်အမြားကို သတ်ဖြတ်ကျူးလွန်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပါကြောင်း၊ ထုတ်ဖော်ပြောကြားချက်များအရ လူ ၁၀ ဦးကို ဗိုလ်သံမဏိဆိုသည့် အကြမ်းဖက်သမားဦးဆောင်သည့်အဖွဲ့က သတ်ဖြတ်ခဲ့ပြီး ထုတ်မပြောသာခြင်း၊ ထုတ်မပြောရဲ၍ ငြိမ်နေလိုက်ရသည့် စာရင်းများထပ်ပေါင်းလျှင် မနည်းလှသည့်လူများကိုသတ်ခဲ့သည်ဟု သိရှိထားရပါကြောင်း၊ ၎င်းတို့ထုတ်ပြောသည့်စာရင်းအရ အသတ်ခံရသည့် လူ ၁၀ ဦးထဲတွင် ယခင်သတင်းစာရှင်းလင်းပွဲတွင်ပြောခဲ့သည့် ထာဝရထက်တစ်ရက်ပိုပါသည်ဆိုသည့် လူ ၆ ဦးပါပါကြောင်း၊ ငါတို့သည် တော်လှန်ရေးသူရဲကောင်းဖြစ်သည်ဟု ကြွေးကြော်ထားပြီး လက်နက်ကိုင်ထားသူများ၊ လက်နက်ကိုင်တိုက်ခြင်းကို အားပေးအားမြှောက်လုပ်နေသည့် နီတာမှ ရဲလို့ဆိုသူများဖြစ်ပါကြောင်း၊ နီသည် ရဲသည်အတူတူ အမြင်မတူသည်နှင့် သတ်ပါကြောင်း၊ အကျိုးစီးပွားထိ၍သတ်ခြင်းဖြစ်ပါကြောင်း၊ အကြမ်းဖက် NUG ဆိုသည့် အဖွဲ့အစည်းနှင့် ပတ်သက်ပြီး NUG ဖြင့် ရှင်းရဲသည်ဟု ပေါ်တင် ကြေညာထားခြင်းရှိပါကြောင်း၊ မီဒီယာများကို မေးချင်တဲ့မေးခွန်းက အဲဒီကိစ္စဘာဖြစ်သွားပြီလဲ၊ အကြမ်းဖက် NUG ဆိုသည့် သူများက ဘာများလုပ်ထားပါသလဲ၊ မေးရန်အစီအစဉ်ရှိပါသလား ထပ်မေးလိုပါကြောင်း၊ ဖြစ်စဉ်အချို့ကို အကျဉ်းချုံးပြောလိုပါကြောင်း၊ ပုလဲမြို့နယ်အတွင်းက အင်းမထီးနှင့် ဇီးဖြူကုန်းရွာများကို အကြမ်းဖက် PDF အဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ပါကြောင်း၊ မီးရှို့ခံရသည့် နေရာများဖြစ်ကြောင်း၊ ရွာသူ၊ ရွာသားများကိုယ်တိုင် အန္တရာယ်ကြား၊ ခြိမ်းခြောက်မှုများကြားက သနားစဖွယ်ရင်ဖွင့်ကြကြောင်း၊ တစ်ရွာလုံးနီးပါး မီးလောင်ကျွမ်းခဲ့ပါကြောင်း၊ အမျိုးမျိုးသောစွပ်စွဲချက်များနှင့် သတ်ဖြတ်၍ ရွာသားများသေကျေကြပါကြောင်း၊ ပြည်သူ့ကာကွယ်ရေးဟု အမည်ခံထားသည့် အကြမ်းဖက်များက ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပါကြောင်း၊ ဘယ်မီဒီယာက ထိုသတင်းကို ရေးခဲ့ပါသလဲ၊ ပြည်သူလူထုကို ရှေးရှုပြီး ဆောင်းပါးအနေဖြင့်၊ ရုပ်သံအနေဖြင့် ထုတ်လွှင့်ခဲ့ခြင်းရှိပါသလား။ ပြည်သူ့အတွက် ရှေ့ဆောင်လမ်းပြအနေဖြင့် Follow Up မေးခွန်းအနေဖြင့် မည်သည့်မီဒီယာများက ရပ်တည်မေးခဲ့ပါသလဲဟု မေးခွန်းထုတ်လိုပါကြောင်း။

### ရဟန်း၊ သံဃာကို ဘာကြောင့် ဒလန်လို့စွပ်စွဲသတ်ဖြတ်ပါသလဲ

နောက်မေးခွန်းမေးလိုပါကြောင်း၊ အနီးစပ်ဆုံးကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားတောင်မြို့၊ မြင်းကြွရပ်ကွက်နေ ကိုရင်ငယ် ၃ ပါး မိုင်းထိပြီး ၂ ပါး ပျံလွန်တော်မူခဲ့ပါကြောင်း၊ တစ်ပါးက ပြင်းပြင်းထန်ထန်ဒဏ်ရာရပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး အချို့မီဒီယာများကလည်း မည်သူမည်ဝါက မိုင်းထောင်ဖောက်ခွဲနေသည်ကို သိသော်လည်း အချို့မီဒီယာများကလည်း ထင်ယောင်ထင်မှားဖြစ်အောင်ရေးနေသည်ကို တွေ့ရပါကြောင်း၊ မိမိတို့၏ကိုးကွယ်ရာ ရဟန်း၊ သံဃာ ၃၀ ကျော်ထိ PDF အမည်ခံ အကြမ်းဖက်များ၏ သတ်ဖြတ်မှုကိုခံခဲ့ရပါကြောင်း၊ ရှည်ရှည်ဝေးဝေး မမေးလိုပါကြောင်း၊ ဗုဒ္ဓဘာသာ ရဟန်း၊ သံဃာကို ဘာကြောင့် ဒလန်လို့စွပ်စွဲသတ်ဖြတ်ပါသလဲ။ အကြမ်းဖက် NUG ၏မူဝါဒတွင် အမြင်မတူရင် ရဟန်း၊ သံဃာကိုလည်း သတ်ရမည်ဟု အကြမ်းဖက်မူဝါဒချထားသလားဟု မီဒီယာများက မေးဖူးပါသလား။ အလားတူ ကိုယ်နှင့်မတူ၊ ကိုယ့်ရန်သူဟု သဘောထားပြီး ဒလန်စွပ်စွဲပြီးသတ်ခဲ့သည့် ထောင်နှင့်ချီသည့် ပြည်သူများသေခဲ့ခြင်း၊ CDM မလုပ်၍ဆိုသည့် စွပ်စွဲချက်ဖြင့် ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများ အပါအဝင် ဝန်ထမ်းများကို သတ်ဖြတ်ခဲ့ခြင်းသည် အကြမ်းဖက် NUG ၏ မူဝါဒလားဟု မေးခဲ့ဖူးပါသလား။

နောက်မေးလိုသည်က ပညာရေးကိစ္စဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်ရက်ပိုင်းက စစ်ကိုင်းတိုင်းဘက်တွင်ဖြစ်ခဲ့သည့်ဖြစ်စဉ်ဖြင့် ဆက်စပ်ပြီး မေးလိုပါကြောင်း၊ အကြမ်းဖက် NUG ၏စီစဉ်မှုဖြင့် ကျောင်းဖွင့်သည်ဟုဆိုပါကြောင်း၊ ၎င်းတို့ထုတ်ပြန်ချက်အရ သင်မည့် စာအုပ်များ၊ သင်ရိုးညွှန်းတမ်းများကို သတိပြုမိကြမည်ထင်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ထုတ်ဝေထားသည့် စာအုပ်များဖြစ်ပါကြောင်း၊ ထိုစာအုပ်၊ စာတမ်း၊ ဒီသင်ရိုးများကိုသာ သင်ကြားခြင်းအတူတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွင့်သည့်အတွက် ဘာပညာရေး၊ ညာပညာရေး၊ စစ်ကျွန်ပညာရေးဟုစွပ်စွဲပြီး ကလေးများကျောင်းမတက်ရန် ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ပြခဲ့ခြင်းလည်း သတိထားမိကြမည် ထင်ပါကြောင်း၊ တစ်ခုခုကိုဖုံးအုပ်နေသူမှအပ အားလုံးမြင်တွေ့ခဲ့ရမည်ထင်ပါကြောင်း၊ မီဒီယာများအနေဖြင့် အကြမ်းဖက် NUG ဆိုသည့်အဖွဲ့ကို ထိုစာများကို သင်ခြင်းဖြစ်သည့်အတွက် ၎င်းတို့သင်ခြင်းမဟုတ်လျှင် စာမသင်ရဘူးဆိုသည့် မူဝါဒရှိ/မရှိ မေးဖူးပါသလား။ ကျောင်းသွားတက်လျှင် သေမည်၊ ပြတ်မည်၊ ဒုက္ခရောက်မည်ဟု တိတိကျကျ ကြိမ်းမောင်းခြိမ်းခြောက်ခဲ့သည့် ထိုအဖွဲ့က အကြမ်းဖက်ဝန်ကြီးဆိုသူကို ဘာရည်ရွယ်ချက်ဖြင့်ပြောပါသလဲဟု မေးဖူးပါသလားလို့ မေးခွန်းထုတ်လိုပါကြောင်း။

*စာမျက်နှာ ၁၇ သို့*

> ❖ **"ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ရိုးရာများသည် သမိုင်းများဖြစ်ပါကြောင်း၊ သမိုင်းကို သိသူများသာ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ရိုးရာကိုသိနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်း အစဉ်အဆက် နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုသားတိုင်းရင်းသား များသည် အစဉ်အဆက် ခိုင်မြဲပြီးဖြစ်သည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအလေ့အထကို ပစ်ပယ် ရှောင်ဖယ်သွားမည်မဟုတ်"**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရိုးရာမဟာသင်္ကြန်ကာလတွင် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေခြင်းများ။



*စာမျက်နှာ ၁၆ မှ*

မေးခွန်းများ အများကြီး ကျန်ပါသေးကြောင်း၊ အချုပ်ဟု ယူဆနိုင်သည့် မေးခွန်းတစ်ခုကို နောက်ဆုံးမေးခွန်းအနေဖြင့် မေးလိုပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိပါကြောင်း၊ အကြမ်းဖက်အဖွဲ့ NUG ၏ ဒီမိုကရေစီဆိုသည်မှာ ငါတို့ကိုထောက်ခံလျှင် ဒီမိုကရေစီ၊ ငါတို့ကို မထောက်ခံလျှင်၊ ကြားနေလျှင်၊ အစိုးရဝန်ထမ်းလုပ်လျှင် ဒီမိုကရေစီမဟုတ်ဘူးဟု သတ်မှတ်ထားပါသလား။ ထိုသူများကို အကုန် သတ်ပစ်ရမည်၊ ရှင်းပစ်ရမည်၊ ငါတို့လူများဖြစ်မှ ဒီမိုကရေစီအစစ်ဟု ယူဆထားပါသလားဟု မေးခဲ့ဖူးပါသလား။ ၎င်းတို့က ဖြေခဲ့ဖူးပါသလား။ မိမိတို့လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တပ်မတော်ကဦးဆောင်မှုဖြင့် ဖွဲ့စည်းသည်ဆိုသော်လည်း ပိတ်နေသည့် မျက်လုံးများ၊ နားများ သတိပြုမိအောင်ပြောလိုပါကြောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် ဝန်ကြီးများထဲတွင် တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ ပါပါကြောင်း၊ အမြင်ချင်းမတူ၍ လက်နက်ကိုင်သည်ဆိုသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် အစဉ်တစိုက်လုပ်နေပါကြောင်း၊ မကြာခင်ကာလတွင်လည်း ငြိမ်းချမ်းရေးကိစ္စများကို အဆင့်မြှင့်ပြီး လုပ်ဆောင်နိုင်ရန်ပြင်ဆင်နေသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ မည်သည့်အဖွဲ့အစည်းက ပိုပြီး ဒီမိုကရေစီကို ကာကွယ်နေသလဲ၊ ဖော်ဆောင်ရန် အစီအစဉ်တစိုက်လုပ်နေသလဲ စဉ်စားမိစေလိုပါကြောင်း။

**ပြည်သူလူထုကို အမှန်တကယ် မျက်နှာမူပါသလား**

ထိုအကြောင်းအရာများနှင့်ပတ်သက်၍ တက်ရောက်နေသည့် မီဒီယာသမားများနှင့် မတက်နိုင်သည့် မီဒီယာသမားများ၊ ဒလက်များကို မိမိမေးသည့်မေးခွန်းများကို ဖြေနိုင်သည့်အချိန် ဖြေကြားပေးရန်နှင့် မေးနိုင်သည့်အချိန်တွင်မေးပေးနိုင်ရန် ပြောလိုပါကြောင်း၊ ပြည်သူလူထုကို အမှန်တကယ် မျက်နှာမူပါသလား၊ ရှေးရှုပါသလား၊ မီဒီယာများထဲတွင် အားလုံးကို အပြစ်တင်နေခြင်း မဟုတ်ပါကြောင်း၊ အချို့ ပြည်တွင်း/ ပြည်ပ မီဒီယာများက ဖြစ်စဉ်အမှန်များ၊ မှုတသည့် သုံးသပ်ချက်များကို နှစ်ဖက်အသံများဖြင့် တင်ပြသည်ကို တွေ့ရပါကြောင်း၊ မိမိ ဒီနေရာမှ ထိုမီဒီယာအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း။

အချို့သောမီဒီယာများသည် ထိုသို့ကျင့်ဝတ်ကို အလေးထားသည့် မီဒီယာများအပေါ် စွပ်စွဲရေးသားခြင်းများ စိတ်မကောင်းဖွယ် တွေ့ရပါကြောင်း၊ ၎င်းတို့စကားဖြင့် ပြောရလျှင် **"အဘဘောမ မီဒီယာ"**၊ **"အဘဘောမ မီဒီယာသမား"** ဆိုပြီး တံဆိပ်ကပ်ပါကြောင်း၊ ထိုမီဒီယာများသည် တပ်မတော်နှင့် အစိုးရတို့နှင့်လည်း ဆက်စပ်မှုမရှိဘဲ အစိုးရအဆက်ဆက်ဝေဖန်ရေးသားပြီး အမှန်အတိုင်းရေးနေသူများသာ ဖြစ်ကြောင်း၊ သို့သော် နည်းနည်းရေးမိသည်နှင့် **"အဘဘောမ မီဒီယာ"**၊ **"အဘဘောမ မီဒီယာသမား"** ဆိုပြီး တံဆိပ်ကပ်ပါကြောင်း၊ ထိုသို့ပြောနေသည့် ပြည်ဖျက်မီဒီယာများကို မိမိပြောလိုပါကြောင်း၊ ပကတိအခြေအနေကို မျက်ကွယ်ပြုပြီးလုပ်နေသည့် လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်နေသည်များလည်း ဒီဘက်ကပြောသလိုမျိုး၊ အကြမ်းဖက်အဖွဲ့ NUG ကို ပြောနေသည်ရှိပါကြောင်း၊ NUG အနူဂျီးဟု ပြောနေသည်များရှိကြောင်း၊ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ပါ၊ လူကြီးမင်းတို့ကလည်း အကြမ်းဖက် **"NUG ဘောမမီဒီယာ"** ဖြစ်နေပါသလား၊ တစ်နည်းအားဖြင့် **"အနူကြီး ဘောမမီဒီယာ"** တစ်နည်းအားဖြင့် **"အနူဘောမမီဒီယာ"** ဖြစ်နေပြီလား။ ဖြစ်နေလျှင်လည်း ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးသီချင်းထဲက စာသားလို **"လက်ကိုခဏခဏ ဆေးပါ၊ လူစုလူဝေး ရှောင်ရှားပါ"** **"အနူဘောမမီဒီယာ"** လည်း **"လက်ကိုခဏခဏဆေးပါ၊ လူစုလူဝေး ရှောင်ရှားပါ"** ဟု မေတ္တာရှေ့ထား သတင်းစကားပါးလိုပါကြောင်း။

ယနေ့သတင်းစာရှင်းလင်းပွဲတွင်ပြောမည့် အကြောင်းအရာများအနေဖြင့် နံပါတ်တစ်အနေဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပခဲ့မှုအခြေအနေ၊ နံပါတ်နှစ် အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားနှင့် EAO ခေါင်းဆောင်များအား ငြိမ်းချမ်းရေးဖိတ်ခေါ်ခြင်း ပြောကြားမှု၊ နံပါတ်သုံးအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့အကြီးအကဲ H.E.Dr.KUNG Phoak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အကြောင်း၊ နံပါတ်လေးအနေဖြင့် ပညာရေးဆိုင်ရာဆောင်ရွက်ချက်များ၊ နံပါတ်ငါးအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအခြေအနေ။ နံပါတ်ခြောက်အနေဖြင့် စက်သုံးဆီကိစ္စရပ်များ၊ နံပါတ်ခုနစ်အနေဖြင့် အားကစားကိစ္စ၊ နံပါတ်ရှစ်အနေဖြင့် ပြည်သူ့လုံခြုံရေး စနစ်ဖြစ်ကြောင်း၊ နံပါတ်တစ်မှ ရှစ်အထိ မိမိအနေဖြင့် ရှင်းလင်းပြောသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း၊ ထို့နောက်မေး/ဖြေ ကဏ္ဍဖြစ်ပါကြောင်း၊ မေးခွန်းများမေးသည့်အခါတွင် စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ဖိတ်ခေါ်ခံရသည့် မီဒီယာများအနေဖြင့် မေးခွန်းနှစ်ခုစီ မေးမြန်းပေးရန် မေတ္တာရပ်ခံပါကြောင်း။

**မြန်မာ့ရိုးရာမဟာသင်္ကြန်နှင့် ပတ်သက်ပြီး တင်ပြ**

တစ်အချက်အနေဖြင့် မြန်မာသက္ကရာဇ် ၁၃၈၃-၁၃၈၄ ခုနှစ်၊ ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ပြုလုပ်ခဲ့သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်နှင့် ပတ်သက်ပြီး တင်ပြလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် မဟာသင်္ကြန်ကာလ၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများသည် မြန်မာတို့၏ အလေးအမြတ်ထားသည့် ကာလများဖြစ်ပါကြောင်း၊ သင်္ကြန်ဆိုသည်မှာ နိုင်ငံအဝန်းလုံးရှိသည့် တိုင်းရင်းသားပြည်သူများအားလုံးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုရိုးရာ ယဉ်ကျေးမှုပွဲတော်တစ်ခု ဖြစ်ပါကြောင်း၊ အများပြည်သူအားလုံး သက်ဆိုင်ပါကြောင်း၊ ယခင်နှစ်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအပြောင်းအလဲများကြောင့် အကန့်အသတ်ဖြင့်သာ ခွင့်ပြုခဲ့ရခြင်းရှိကြောင်း၊ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းလျော့နည်းလာမှုနှင့်အညီ နိုင်ငံ၏တည်ငြိမ်မှုအခြေအနေအရ မဟာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရန်အတွက် အတိုင်းအတာတစ်ခုအထိ ပြုလုပ်ရန် နိုင်ငံတော်အကြီးအကဲက စီမံခဲ့ပါကြောင်း၊ နိုင်ငံတော်ကောင်စီဝင်များကလည်း နိုင်ငံတော်အဆင့်အစည်းအဝေးများတွင် အကြံပြုဆွေးနွေးခဲ့ခြင်းများ ရှိခဲ့ပါကြောင်း။

လုံခြုံရေး စနစ်တကျဆောင်ရွက်ပြီး ပြည်သူအများ လွတ်လွတ်လပ်လပ် ပျော်ရွှင်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ သင်္ကြန်ကာလမတိုင်မီ ပြည်တွင်း/ပြည်ပ မီဒီယာ၊ ပြည်ဖျက် သတင်းမီဒီယာ ၁၀ ခု မဟာသင်္ကြန်ပွဲတော်ကို ဖျက်လိုဖျက်ဆီးဖြစ်အောင် လှုံ့ဆော်မှုသတင်း ၅၅ ပုဒ်ကျော် ရေးသားခဲ့ပါကြောင်း၊ ဖောက်ခွဲရန်၊ တိုက်ခိုက်ရန်၊ ပြည်သူများ မပါဝင်ရန်၊ တော်လှန်သင်္ကြန်ဆင်နွှဲရန်၊ တော်လှန်သင်္ကြန်ကို မိမိပြောလိုကြောင်း၊ ယခင်လက်ထက်တွင် မြန်မာ့ရိုးရာသင်္ကြန်မျိုးစုံလုပ်ကြောင်း၊ တော်လှန်သင်္ကြန် ဆင်နွှဲရန်ဆိုသည့် သူများက ယခင်က ၎င်းတို့ပဲ ဖင်ပေါ်သင်္ကြန်ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း၊ ယခုမှသာ တော်လှန်သင်္ကြန် ဆင်နွှဲရန်ဆိုပြီး လာပါကြောင်း၊ အချို့သတင်းများတွင် သင်္ကြန်ကာလ မရောက်သေးသည့် ဧပြီလ ၈ ၊ ၉ ၊ ၁၀ ရက်များတွင် မဏ္ဍပ်များ၌ ဗုံးဖောက်ခွဲခံရ၊ တိုက်ခိုက်ခံရ၊ ဖျက်ဆီးခံခဲ့ရသည်များ Online Media ပေါ်က လှုံ့ဆော်ရေးသားခဲ့ကြောင်း၊ အထူးသဖြင့် ပြည်သူများ သင်္ကြန်ပွဲတော်တွင် မပါဝင်မပျော်ရွှင်ရေးအတွက် စိတ်အနှောင့်အယှက်ဖြစ်အောင် ခြိမ်းခြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ ပြည်ဖျက် မီဒီယာ ၇ ခုမှ လှုံ့ဆော်သတင်း ၈၁ ခုကျော်ကို ရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရကြောင်း၊ မိမိဆိုလိုသည်မှာ လက်ချိုးရေလျှင် လက်နှစ်ဖက် မပြည့်သည့် မီဒီယာများက တိုင်းပြည်ကို အဓိကဖျက်ဆီးနေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ လုပ်ဆောင်မှုကြောင့် နားယောင်ပြီး ဘဝပျက်သွားသည့် အနာဂတ် နိုင်ငံတော်၏ အားထားရသည့်လူငယ်များလည်း မနည်းမနောဖြစ်ပါကြောင်း၊ သူများပေးစာကမ်းစာစားရပြီး ဝမ်းပြည့်သွားခြင်း၊ နားယောင်သည့် လူငယ်များ ဘဝပျက်ရခြင်းသည် နိုင်ငံအတွက် ဝမ်းနည်းစရာကောင်းပါကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အေးချမ်းပျော်ရွှင်စည်ကားစွာ မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ Video မှတ်တမ်းနှင့်ဓာတ်ပုံများကို ကြည့်လျှင်သိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းရင်းသား လူမျိုးများသာ သင်္ကြန်တွင် ပျော်ရွှင်ခြင်းမဟုတ်ပါဘဲ နိုင်ငံအတွင်းရှိ ပြည်ပနိုင်ငံများမှ လာရောက်တာဝန်ထမ်းဆောင်သည့် သံရုံးဝန်ထမ်းများပါ ပါဝင်ဆင်နွှဲပျော်ရွှင်နေခြင်းကို ပုံများကြည့်လျှင် သိနိုင်ပါကြောင်း၊ ပြည်ဖျက်များ၏ လှုံ့ဆော်မှု အောင်မြင်/မအောင်မြင်ကို Power Point ပါပုံစာကို ကြည့်လျှင် သိနိုင်ပါကြောင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ရိုးရာများသည် သမိုင်းများဖြစ်ပါကြောင်း၊ သမိုင်းကို သိသူများသာ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ရိုးရာကိုသိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်း အစဉ်အဆက်နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုသားတိုင်းရင်းသားများသည် အစဉ်အဆက်ခိုင်မြဲပြီးဖြစ်သည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအလေ့အထကို ပစ်ပယ်ရှောင်ဖယ်သွားမည်မဟုတ်ကြောင်း ပြောလိုပါကြောင်း။

**မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက် မင်္ဂလာစကား**

နှစ်အချက်အနေဖြင့် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက် မင်္ဂလာစကားနှင့် ပတ်သက်ပြီး တင်ပြလိုပါကြောင်း၊ နှုတ်ခွန်းဆက်စကားမှာ " **ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနဲ့ပတ်သက်၍ အခက်အခဲမျိုးစုံဖြင့် ကျော်လွှားခဲ့ရသည့် အခြေအနေ၊ ကမ္ဘာမှာ အဆိုပါရောဂါ လုံးဝမကင်းစင်သေးတဲ့အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းတွေ အပြည့်အဝလိုက်နာရန် လိုအပ်မှု၊ လက်ရှိကာလဟာ စိန်ရတုလွတ်လပ်ရေးရဲ့ အကြိုနှစ်ဖြစ်ပြီး လွတ်လပ်ရေးရဲ့ အသီးအပွင့်တွေ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့အနှစ်သာရတွေ အပြည့်အဝခံစားခွင့်ရစေဖို့ အားလုံးရှိသမျှ ခွန်အားနဲ့ အစွမ်းကုန်ကြိုးစားကြဖို့၊ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန်ကြိုးစားဖို့နဲ့"** အမျိုးသားရေး ရည်မှန်းချက် ၂ ခုဖြစ်သည့် **"နိုင်ငံတော်ကြီးသာယာဝပြောရေးနဲ့ တိုင်းပြည်စားရေရိက္ခာ ပေါများရေး"** တို့ကို ဆောင်ရွက်ရန်၊ မိမိတို့ တိုင်းပြည်အတွင်းရှိ လူတိုင်းကိုယ်စီ အေးချမ်းသာယာစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး တိုက်တွန်းခဲ့ခြင်းများရှိကြောင်း၊ အဓိက အပိုင်း ၄ ပိုင်း တွေ့ရမည်ဖြစ်ကြောင်း-

(၁) ကိုဗစ်-၁၉ ရောဂါသည် တစ်ကမ္ဘာလုံးကင်းစင်ရောဂါနှင့် ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းများ ဆက်လက်လိုက်နာရန် ၊

(၂) လွတ်လပ်ရေး၏ အရသာ၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၏ အနှစ်သာရ၊ ငြိမ်းချမ်းမှုဖြင့် သာယာဝပြောသော အခြေအနေ ဖန်တီးပေးနိုင်ရေး၊

(၃) အမျိုးသားရေးရည်မှန်းချက် ၂ ရပ်၊

(၄) တိုင်းပြည်၏အား ပြည်တွင်းမှာသာရှိသည်ဟူသည့် ခံယူချက်များ တွေ့ရမည်ဖြစ်ကြောင်း၊

ပြည်ထောင်စုနိုင်ငံတော်ကြီး၏အကျိုးကို အားလုံးလက်တွဲဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း။

*စာမျက်နှာ ၁၈ သို့*

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်းအပေါ် အမိန့်ချမှတ်

နေပြည်တော် မေ ၂၈

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်းအပေါ် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။**

စစ်ဆေးတွေ့ရှိချက်များအရ ဦးနိုင်ငံလင်းသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘတ်ဂျက်ဖြင့် တည်ဆောက်သည့် ပညာရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ရေး တင်ဒါကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သဃ်န်းကျွန်း ပညာရေးကောလိပ်နှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တို့တွင် အဆောက်အဦ ဆောက်လုပ်ခွင့်ရရှိသည့် ကုမ္ပဏီပိုင်ရှင် တစ်ဦးထံမှ ငွေကျပ်သိန်း ၁၈၀ နှင့် တံစိုးလက်ဆောင်များ အပါအဝင် အခြားကုမ္ပဏီပိုင်ရှင် သုံးဦးနှင့် ကုမ္ပဏီတစ်ခုတို့ထံမှ ငွေကြေးတံစိုးလက်ဆောင်များကို လက်ခံရယူခဲ့ခြင်းတို့ကြောင့် ဝန်ကြီးဟောင်း ဦးနိုင်ငံလင်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၂၁ ခုနှစ် ဇူလိုင် ၁၂ ရက်၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှု အမှတ် ၂၆/၂၀၂၁ မှ ၃၀/၂၀၂၁ အထိ အမှု ၅ မှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ယနေ့ ရက်စွဲဖြင့် လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ အမှု ၅ မှုအတွက် ပြစ်မှုထင်ရှားစီရင်ပြီး တစ်မှုလျှင် ၃ နှစ်စီဖြင့် စုစုပေါင်း အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် ခနောက်စိမ်းသတ္တုရိုင်းများ ဖမ်းဆီးရမိ



**နေပြည်တော် မေ ၂၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် အောင်လံမြို့နယ်အတွင်း တရားမဝင် ပျဉ်းကတိုးခွဲသား (၇ ဒသမ ၂၉၃၂) တန်၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၄၆၆၀၀) ကို သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကာ မင်းဘူးမြို့နယ် ထောက်ရှာပင်-ထန်းကိုင်း- ရေနံမ ရေနံမြေအတွင်း တရားမဝင် ရေနံစိမ်း ၁၀ ဂါလန်ခန့်ပါ အိတ် (၃၀) (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၉၁၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး မင်းဘူးမြို့မရဲစခန်းသို့ လွှဲပြောင်း၍ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုဒုံမြို့နယ်အတွင်း တရားမဝင် ခနောက်စိမ်းသတ္တုရိုင်း (၅) တန်၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၈၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်း ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၇ ရက်တွင် ချင်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ချက်အရက်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁,၆၁၁,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ချင်းဝိသေသတိုင်း အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တစ်စီးပေါ်၌ တရားမဝင်တင်သွင်းလာသော (M–150) တံဆိပ် အချိုရည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာစက်မှု ဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်း မရှိသော ဇာအထည်အလိပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖြူးမြို့နယ်နှင့် ရေတာရှည်မြို့နယ်များအတွင်း တရားမဝင် သစ်မျိုးစုံ (၉ ဒသမ ၆၇၇၀) တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၀၇၀,၅၁၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၆ ရက်၊ ၂၇ ရက် နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၃၇၂၁၀ ) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

ဆက်လက်ပြီး ၂၀၂၂ ခုနှစ် မေ ၂၂ ရက်၌ ပြောကြားခဲ့သည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတွင် "နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက်တောင်းဆိုလာခဲ့သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ထောင်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ကြောင်း၊ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ပြီး လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို မိမိကိုယ်တိုင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲကို တက်ရောက်မည့်သူ ပုဂ္ဂိုလ်များ၏ အမည်ကို ၂၀၂၂ ခုနှစ် မေလ ၉ ရက် နောက်ဆုံးထားပြီး ပြန်ကြားပေးရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အရသာကို ခံစားနိုင်ရေး အားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြရန်" တိုက်တွန်းထားသည်ကို တွေ့ရပါကြောင်း။

ပြည်ထောင်စုသားအားလုံး၏ အကျိုးကိုရှေးရှုပြီး အားလုံးပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့များ ၊ NCA လက်မှတ်မရေးထိုးထားသည့် EAO အဖွဲ့များဖြင့် မိမိတို့ ဆက်သွယ်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်သွယ်မှုများ ဆောင်ရွက်သည့်နေရာတွင် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ၁၀ ဖွဲ့ရှိပါကြောင်း၊ KNU ၊ (RCSS/SSA) ၊ PNLO ၊ CNF ၊ KNLA ၊ DKBA ၊ ABSDF ၊ ALP ၊ NMSP ၊ LDU ၁၀ ဖွဲ့ရှိကြောင်း၊ ထို ၁၀ ထဲမှ ၉ ဖွဲ့ဖြင့် အဆက်အသွယ်ရရှိပြီးဖြစ်ကြောင်း၊ တက်ရောက်နိုင်သည့် အခြေအနေကောင်းများ ရှိသည်ဟု ပြောလိုပါကြောင်း၊ NCA လက်မှတ်မရေးထိုးထားသည့် အဖွဲ့ ၁၁ ဖွဲ့ UWSA ၊ NDAA ၊ NSCNK ၊ KIO ၊ KIA ၊ KNPP ၊ ANC ၊ SSPP ၊ TNLA ၊ MNDAA ၊ WNO ၊ AA ထို ၁၁ ဖွဲ့ထဲက ၈ ဖွဲ့ဖြင့် ဆက်သွယ်မှုရရှိပြီးဖြစ်ကြောင်း၊ တက်ရောက်နိုင်သည့် အခြေအနေကောင်းများ ရှိနိုင်လိမ့်မည်ဟု ကြိုတင်သတင်းကောင်းပါးလိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုင်းပြည်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် နောက်ဆုံးအချက်က **"အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ပြီးစီးပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးရေး"** ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီ စနစ်ကို ခိုင်ခိုင်မာမာ အာမခံထားပြီး ဖြစ်ပါကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်သည် တစ်နိုင်ငံလုံးကျင့်သုံးရမည့် စနစ်ဖြစ်ကြောင်း၊ ထိုစနစ်သည် ပြည်သူလူထုအားလုံးက ထောက်ခံထားသည့် စနစ်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲ (General Election) ဆိုသည့် စကားရပ်နှင့်အညီ တစ်နိုင်ငံလုံးအကြားအလပ်မရှိ ကျင်းပနိုင်ရန် မိမိတို့ကြိုးစားဆောင်ရွက်နေကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်၊ ပြည်သူလူထုအားလုံး မည်သည့်ခြိမ်းခြောက်မှု၊ မတရားလွှမ်းမိုးမှုမျှမရှိဘဲ မဲပေးပြီး မိမိဆန္ဒမိမိဖော်ပြနိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ ထိုအတွက်လည်း မိမိတို့နိုင်ငံတွင် နှစ်ကာလကြာရှည်နေပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ၊ လက်နက်ကိုင်လွှမ်းမိုးမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု၊ မတရားလွှမ်းမိုးမှုများ ကင်းဝေးမှသာ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဆိုတာ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုအခြေအနေကို ဖြစ်အောင် မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်နေပါကြောင်း၊ ပြည်သူလူထုအားလုံးနှင့် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုကြောင်း။

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်းနှင့် ပတ်သက်ပြီး ဝေဖန်ချက်အမျိုးမျိုး ရှိပါကြောင်း၊ EAO များနှင့်အကြမ်းဖက် NUG, PDF တို့အကြား ဖြိုခွဲတာဆိုတာမျိုးဖြစ်ကြောင်း၊ EAO ၊ PDF ၊ NUG တို့အကြားဖြိုခွဲပြီး အကြမ်းဖက်မှုများကို ပိုမိုနှိမ်နင်း၍ ရအောင် လုပ်သည်ဆိုသည်မျိုးလည်း ပြောကြကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေး ဖိတ်ခေါ်သည့်အထဲတွင် အကြမ်းဖက်အဖွဲ့များ မပါဝင်ကြောင်း၊ မည်သည့်အတွက်ကြောင့် မပါဝင်သည်ကို ပြောရမည်ဆိုပါက EAO အဖွဲ့များနှင့် PDF ၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ဖြစ်တည်မှုရော၊ သမိုင်းကြောင်းရော မတူညီပါကြောင်း၊ EAO များသည် တိုင်းရင်းသားများ၏ အခွင့်အရေး၊ တိုင်းရင်းသားနယ်မြေများ၏ အခွင့်အရေးကို တောင်းဆိုနေခြင်းဖြစ်ကြောင်း၊ PDF ၊ NUG ဆိုသည့် အကြမ်းဖက်အဖွဲ့များ ဖြစ်ပေါ်လာသည့် အကြောင်းအရင်းမှာ နိုဝင်ဘာလ ရွေးကောက်ပွဲမဲမသမာမှုများကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းရေးလမ်းကြောင်းအရ သွားနိုင်ရန်အတွက် ဖြေရှင်းပေးရန် တောင်းဆိုခဲ့ခြင်းကို ဖြေရှင်းပေးခြင်းမရှိဘဲ လွှတ်တော်ကို အတင်းခေါ်ယူရန် ကြိုးစားသည့်အတွက် နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာပြီး ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော် တာဝန်ရယူခဲ့ရခြင်းကို လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုသူများက ပြည်သူလူထုကို ထင်ယောင်ထင်မှား စည်းရုံး၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်နည်းလမ်းကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ PDF ၊ NUG အကြမ်းဖက်အဖွဲ့များအနေဖြင့် "ငါနဲ့မတူ ငါ့ရန်သူ" ဆိုသည့်မူကို ကိုင်စွဲပြီး EAO များပင် မလုပ်သည့်လုပ်ရပ်ဖြစ်ပြီး လုပ်ခဲ့လျှင်ပင် တော်တော်ရှားရှားပါးပါး ဖြစ်စဉ်ဖြစ်သည့် စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ သာသနာရေးအဆောက်အအုံများကို ဖျက်ဆီးခြင်း၊ သံဃာတော်များ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လုယက်ခေါပြတိုက်ခြင်းများကို နေ့စဉ်ရက်ဆက် မြိုင်မြိုင်ဆိုင်ဆိုင် လုပ်နေသည်ကို တွေ့နေရကြောင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏှိသတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၈၉ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၃၉ ခန်း | ၄၁၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၉ တိုင် | ၂၁ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၉၉ တိုင် | ၈၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၈၈ ခု | ၅၆၄ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၂ ကျင်း | ၂၀၈၈ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၇ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၉၄ ကျင်း | ၁၆၄၂ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## ပါရဂူဘွဲ့ (Ph.D)သင်တန်းသားများ ခေါ်ယူခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) တရုတ်ဘာသာ အထူးပြု

၂။ ပါရဂူဘွဲ့(Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းသို့ တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၂ခုနှစ်၊ ဇွန်လ (၁)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက် ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ/သရုပ်ပြဖြစ်ပါက နည်းပြ/သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲကထောက်ခံသူဖြစ်ရမည်။

(၄) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူ ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့်အင်္ဂလိပ်စာ (၃) နာရီမေးခွန်းဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံး ရှိရမည်။

(၃) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသောတက္ကသိုလ် တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံး မဟာဝိဇ္ဇာဘွဲ့ ရရှိပြီးသူဖြစ်ရမည်။မဟာဝိဇ္ဇာဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာ စာစီ၍ စာမျက်နှာ (၃)မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၂၂ရက်(သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက် ဖြေဆိုရမည်-

(က) ၂၃-၅-၂၀၂၂ရက်(တနင်္လာနေ့) ၉နာရီမှ ၁၂နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၄-၅-၂၀၂၂ရက်(အင်္ဂါနေ့) ၉နာရီမှ ၁၂နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၃၀-၅-၂၀၂၂ ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ တရုတ်ဘာသာပါမောက္ခ(ဌာနမှူး)ထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် မော်ကွန်းထိန်း၊ ကျောင်းသားရေးရာဌာန(ဖုန်း- ၀၉-၃၃၀၃၉၉၇၅)ထံတွင်လည်းကောင်း ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ကျောင်းသားရေးရာဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|---|---|
| (က) | Flat Bed | ၁စီး | (ဆ) | Amphibious | ၂ စီး | |
| (ခ) | Vacuum Truck | ၂စီး | (ဇ) | Transporter Lowbed | ၁စီး | |
| (ဂ) | Dump Truck | ၃စီး | (ဈ) | Tricycle Garbage Carrier | ၄၂စီး | (၂၅-၅-၂၀၂၂) |
| (ဃ) | Light Duty Truck | ၂စီး | (ည) | Sewer Cleaning Truck | ၁စီး | ၁၂နာရီ |
| (င) | Excavator | ၁၇စီး | (ဋ) | 30 Tons Truck Crane | ၁စီး | |
| (စ) | Tipper(2/3 Tons) | ၃၀/၁၀စီး | (ဌ) | (၂)ယောက်စီးဘာဂီယာဉ် | ၃၀စီး | |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၂၂ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၅-၅-၂၀၂၂ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ်(မလိခအိမ်ရာ)၊ စကားဝါလမ်းသွယ်(၃)လမ်း၊ ခြံအမှတ်(၁)၊ မြေကွက်အမှတ်(၂/၂၆)၊ အကျယ်အဝန်း(၂၁၅၉)စတုရန်းပေ ရှိ ဒေါ်အေးအေးသန့် (၁၂/ဗဟန (နိုင်) ၀၅၁၆၉၂) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးသန့် (၁၂/ဗဟန (နိုင်) ၀၅၁၆၉၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဦးစင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးတက္ကသိုလ်
## ပါရဂူဘွဲ့ (Ph.D)သင်တန်းသားများ ခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | မြန်မာစာ | (၉) | နိုင်ငံတကာဆက်ဆံရေးပညာ |
| (၂) | အင်္ဂလိပ်စာ | (၁၀) | ဓာတုဗေဒ |
| (၃) | ပထဝီဝင် | (၁၁) | ရူပဗေဒ |
| (၄) | သမိုင်း | (၁၂) | သင်္ချာ |
| (၅) | ဒဿနိကဗေဒ | (၁၃) | သတ္တဗေဒ |
| (၆) | စိတ်ပညာ | (၁၄) | ရုက္ခဗေဒ |
| (၇) | ဥပဒေပညာ | (၁၅) | ဘူမိဗေဒ |
| (၈) | အရှေ့တိုင်းပညာ | (၁၆) | အဏုဇီဝဗေဒ |

၂။ ပါရဂူဘွဲ့(Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက် ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ)လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံး ရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့တန်း အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့်အင်္ဂလိပ်စာ (၃) နာရီမေးခွန်းဝင်ခွင့် စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေး ခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံး ရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသောတက္ကသိုလ် တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာ စာစီ၍စာမျက်နှာ (၃)မျက်နှာ ထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မန္တလေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၂၂ရက်(သောကြာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၃-၅-၂၀၂၂ရက်(တနင်္လာနေ့) ၉နာရီမှ ၁၂နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၄-၅-၂၀၂၂ရက်(အင်္ဂါနေ့) ၉နာရီမှ ၁၂နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၃၀-၅-၂၀၂၂ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း (ဖုန်း-၀၉-၂၅၉၀၈၉၇၆၇)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**(ဖော်လင်းထွန်း)**
**ဌာနမှူးသင်တန်းရေးရာဌာန**
**မန္တလေးတက္ကသိုလ်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံး ပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့် တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|---|---|
| (က) | (၁) ဒီဇယ်ဆီ/ပရီမီယံ | ၄၀၀၀၀၀/၁၆၀၀၀၀၀ဂါလန် | (၅) | Transformer/Gantry | ၇/၁ လုံး | |
| | (၂) ဓာတ်ဆီ (92 Ron) | ၂၀၀၀၀ ဂါလန် | (၆) | OCB Breaker | ၁ လုံး | ၁၁-၅-၂၀၂၂ |
| | (၃) မြစ်ကျောက်စရစ် | ၃၀၀၀၀ ကျင်း | (၇) | Butterfly Valve | ၁၅ လုံး | ၁၂:၀၀ နာရီ |
| | (၄) 60/500 KVA Generator | ၂/၃ လုံး | (၈) | 12" Ø Check/Gate Valve | ၁/၁ လုံး | |
| (ခ) | (၁) Passenger Lift (15/8 Person) | ၈/၂ စင်း | (၅) | ဓာတ်ခွဲခန်းသုံးပစ္စည်း/ တိုင်းတာရေးပစ္စည်း | 2 Lot | |
| | (၂) Centrifugal/Submersible Motor & Pump | ၂၈/၄၉ စုံ | (၆) | Orbital Shaker/ Centrifuge | ၁/၁ လုံး | (၁၈-၅-၂၀၂၂) |
| | (၃) Submersible Aerator | ၈ စုံ | (၇) | Underground Water Detector | ၁ စုံ | ၁၂:၀၀ နာရီ |
| | (၄) 50 HP Gearmotor | ၂ စုံ | (၈) | HDPE Hand Welding Machine | ၂ လုံး | |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၂၂ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၅-၂၀၂၂နှင့် ၁၈-၅-၂၀၂၂ရက်တို့တွင် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးရာဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လှလှကြည် ၅/ယမပ (နိုင်) ၀၄၇၂၆၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၉၇၇၇၅၆

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရန်လင်းအောင် ၅/ပလန(နိုင်) ၁၄၀၃၀၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၉၃၀၇၇

### ပျောက်ဆုံးကြောင်း

ကျွန်မ မအိဖြူမောင် ၅/မမန(နိုင်) ၂၁၅၇၅၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၅၈၇၈၅

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/3950 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/4196 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1S/2225, CHEVROLET MRUBU S/L (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုနွယ် ၁၄/ရသမ(နိုင်)၀၁၁၄၂၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၆၂၇၁, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်စိုး ၆/ထဝန(နိုင်)၁၃၂၆၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၁၈၂၄, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၆/ထဝန(နိုင်)၀၁၁၂၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၂၂၄၅၉, Honda Click, M/C ယာဉ်လက်ဝယ်ရှိသူ ဦးယဉ်ထွေး ၆/ထဝန(နိုင်)၀၉၃၀၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၄၇၁၇၈, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းကျော် ၆/ထဝန(နိုင်)၀၉၁၀၆၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ **တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်တက္ကသိုလ်
## ပါရဂူဘွဲ့ (Ph.D)သင်တန်းသားများ ခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် (၂၀၂၂-၂၀၂၃) ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| | |
|---|---|
| (က) မြန်မာစာ | (ဋ) ရှေးဟောင်းသုတေသနပညာ |
| (ခ) အင်္ဂလိပ်စာ | (ဌ) စာကြည့်တိုက်နှင့်သုတပညာ |
| (ဂ) ပထဝီဝင် | (ဍ) ဓာတုဗေဒ |
| (ဃ) သမိုင်း | (ဎ) ရူပဗေဒ |
| (င) ဒဿနိကဗေဒ | (ဏ) သင်္ချာ |
| (စ) စိတ်ပညာ | (တ) သတ္တဗေဒ |
| (ဆ) ဥပဒေပညာ | (ထ) ရုက္ခဗေဒ |
| (ဇ) အရှေ့တိုင်းပညာ | (ဒ) ဘူမိဗေဒ |
| (ဈ) နိုင်ငံတကာဆက်ဆံရေးပညာ | (ဓ) ကုန်ထုတ်ဓာတုဗေဒ |
| (ည) မနုဿဗေဒ | (န) ကွန်ပျူတာသိပ္ပံပညာ |
| | (ပ) အဏုဇီဝဗေဒ |

၂။ ပါရဂူဘွဲ့(Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၂ခုနှစ်၊ ဇွန်လ (၁)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

